

FOTO: NRC

# CHAPTER 15 • 2015
# SHELTER

ဤအခန်းများတွင် သုံးစွဲထားသော စခန်းဟူသည့် အသုံးအနှုန်းသည် စခန်းများနှင့် စခန်းကဲ့သို့သော နေရာ အမျိုးမျိုးကို ရည်ညွှန်းခြင်းဖြစ်ပြီး စနစ်တကျတည်ထောင်ထားသော စခန်းများ၊ နေရပ်စွန့်ခွာလာသူများ ကိုယ်တိုင် စုဝေးတည်ထောင်သော စခန်းများ၊ စုစည်းနေထိုင်ရာ နေရာများ၊ ယာယီစခန်းများနှင့် ကယ်ဆယ် ရေးစခန်းများ ပါဝင်ပါသည်။

## အဓိကအချက်အလက်များ

- နေထိုင်စရာဆိုသည်မှာခေါင်မိုးတစ်ခုထက်မကအဓိပ္ပါယ်ပြည့်ဝပါသည်။နေထိုင်စရာရှိခြင်းမှာလူများ၏ကိုယ်ကာယပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံမှု၊ ကျန်းမာရေး၊ သီးသန့်လုံခြုံရှိမှုနှင့် ဂုဏ်သိက္ခာရှိစွာ နေထိုင်နိုင်မှု ဟူသော ရပိုင်ခွင့်များအား သေချာစေသည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ယင်းသည် ကာကွယ်စောင့်ရှောက်မှု ၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။
- စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းအုပ်ချုပ်ရေးအဖွဲ့၊ စခန်းညှိနှိုင်းဆောင်ရွက်ရေးနှင့် စခန်းစီမံခန့်ခွဲမှု (CCCM) အစုအဖွဲ့/ ကလ္လာ၏ ဦးဆောင်အေဂျင်စီတို့နှင့်အတူ နေထိုင်စရာအတွက် အစီအစဉ်များသည် စခန်းတွင်းရှိ အခြားသော ဝန်ဆောင်မှုများနှင့် နီးကပ်စွာ ချိတ်ဆက်မှုရှိနေကြောင်း သေချာအောင် လုပ်ဆောင်ရပါမည်။
- နေထိုင်စရာ လိုအပ်ချက်နှင့် အသုံးပြုမှုများသည် အချိန်ကာလ ရွှေ့လျားသည်နှင့်အမျှ ပြောင်းလဲတတ်ကြောင်း ကို စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေဖြင့် သိရှိသင့်ပါသည်။ လူများသည် ၎င်းတို့၏ နေစရာနေရာများအား ပြုပြင် ထိန်းသိမ်းရန် နှင့် အဆင့်မြှင့်တင်ရန် ကူညီပံ့ပိုးမှုများ လိုအပ်ကောင်းလိုအပ်နိုင်ပါသည်။ ပံ့ပိုးပစ္စည်းများနှင့် ဒီဇိုင်း ပုံစံများသည် ရေရှည်ခံပြီး ပြောင်းလဲပြင်ဆင်ရန် လွယ်ကူသင့်ပါသည်။
- ယာယီနေအိမ်များ/ နေထိုင်မှုအခြေအနေများအား တိုးတက်ကောင်းမွန်အောင် ကူညီဆောင်ရွက်ရာတွင် နိုင်ငံ တကာ နေထိုင်စရာ စံနှုန်းများမှ လမ်းညွှန်မှုများ ပေးနိုင်ပါသည်။ နိုင်ငံတကာစံနှုန်းများနှင့် ညှိနှိုင်းမှုများအား နိုင်ငံ အဆင့်တွင် ပြုလုပ်ရန်အတွက် နေထိုင်စရာအစုအဖွဲ့ထံ မေတ္တာရပ်ခံတောင်းဆိုနိုင်ပါသည်။ နေထိုင်စရာအတွက် ဒီဇိုင်းပုံစံသည် အဓိကအားဖြင့် စခန်းလူထု၏ လိုအပ်ချက်များ၊ ယဉ်ကျေးမှုစံသတ်မှတ်ချက်များ၊ အသုံးပြုသည့် အချိန်ကာလနှင့် နိုင်ငံအဆင့် စံနှုန်းများပေါ်တွင် အခြေခံသင့်ပါသည်။ ထိခိုက်လွယ်သော အုပ်စုများ၏ လိုအပ် ချက်များအား အထူးအလေးပေး ဆောင်ရွက်ရပါမည်။
- နေထိုင်စရာအစီအစဉ်များအား ဆောင်ရွက်နေသော အဖွဲ့အစည်းများမှ မည်သည့် ဆောက်လုပ်ရေး ပစ္စည်းများ နှင့် အရည်အသွေးများကို အသုံးပြုသည်၊ ဒေသတွင်းမှ မည်သည်တို့ကို ရရှိနိုင်မည်ဆိုသည်ကို လေ့လာ ဆန်းစစ်သင့်ပါသည်။ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်မှုနှင့် ဒေသတွင်းမှ ပစ္စည်းများကို ထုတ်ယူ သုံးစွဲမှု၏ အကျိုးဆက်များကိုလည်း ထိုအဖွဲ့အစည်းများမှ ထည့်သွင်းစဉ်းစားသင့်ပါသည်။
- နေထိုင်စရာပေးရေးအစီအစဉ်များတွင် အန္တရာယ်ဖြစ်နိုင်ခြေ စီမံခန့်ခွဲမှုများကိုလည်း ထည့်သွင်းဆောင်ရွက်ရန် အရေးကြီးပါသည်။ လူထုကျန်းမာရေးပြဿနာများ၊ မီး၊ အကြမ်းဖက်မှု၊ ခိုးမှု သို့မဟုတ် ရာသီဥတုပြောင်းလဲမှုနှင့် ရေကြီးခြင်း၊ လေထန်ခြင်းတို့ကြောင့် ပျက်စီးဆုံးရှုံးမှု စသည့် အန္တရာယ်များ ဖြစ်နိုင်ခြေ မြင့်မားစေနိုင်သည့်အရာ များအား လျှော့ချခြင်းဖြင့် စီမံခန့်ခွဲနိုင်ပါသည်။ ထိုလုပ်ငန်းများသည် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အရေး ကိစ္စများနှင့် ရွှေ့ပြောင်းနေထိုင်သူမိသားစု များ၏ ထိခိုက်လွယ်မှုကို ပိုမိုမြင့်မားစေနိုင်သော အန္တရာယ်များအား ရှောင်ရှားရာတွင် အထောက်အကူ ဖြစ်သင့်ပါသည်။
- စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် နေထိုင်စရာပေးရေးလုပ်ငန်းများအတွက် ခိုင်မာသော နည်းပညာပံ့ပိုးမှု လိုအပ် ချက်အား လျှော့မတွက်သင့်ပါ။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် နေထိုင်စရာပံ့ပိုးပေးသည့် အေဂျင်စီများသည် ထိရောက်သော အစီအစဉ်ဒီဇိုင်းပုံစံ၊ နေထိုင်စရာဆောက်လုပ်မှုများအား နည်းပညာပိုင်းဆိုင်ရာ ကြီးကြပ်ခြင်း၊ နေထိုင်စရာနေရာများအား အသုံးပြုမှုနှင့် ဝင်ရောက်နေထိုင်မှုများကို စောင့်ကြည့်ကြီးကြပ်ခြင်းများအတွက် ကျွမ်းကျင်ဝန်ထမ်းများ အလုံအလောက်ရရှိနိုင်ရေးအတွက် ဆောင်ရွက် သင့်ပါသည်။

## မိတ်ဆက်

နေထိုင်စရာများသည် လူများ၏ ကိုယ်ကာယပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံမှု၊ ကျန်းမာရေး၊ သီးသန့်လုံခြုံရှိမှုနှင့် ဂုဏ် သိက္ခာရှိစွာ နေထိုင်နိုင်မှုဟူသော ရပိုင်ခွင့်များအား သေချာစေသည့် နည်းလမ်းတစ်ခု ဖြစ်ပါသည်။ ဆိုးရွားသော ရာသီဥတုဒဏ်မှ

ကာကွယ်ပေးပြီး နေစရာနှင့် ပိုင်ဆိုင်ပစ္စည်းများအား ထားသိုရန် နေရာတစ်နေရာကို ပေးပါသည်။ ထိရောက်ကောင်းမွန်သော နေထိုင်စရာအစီအစဉ်များသည် မိသားစုတစ်စု အနေဖြင့် ယာယီပေါင်းစုဖွဲ့စည်းထားသော လူမှုအသိုင်းအဝိုင်းတစ်ခုအတွင်း နေထိုင်နေစဉ်တွင် အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများကို အစပြုနိုင်သော၊ လုံခြုံ သည်ဟူသော ခံစားသိမြင်စိတ်ကို မြှင့်တင်ပေးနိုင်သော နေရာတစ်ခုကို ပံ့ပိုးပေးနိုင်ပါသည်။

### စခန်းစီမံခန့်ခွဲမှုတွင် နေထိုင်စရာ နေရာတစ်ခု ဆိုသည်မှာ အဘယ်နည်း

နေထိုင်စရာတစ်ခုဆိုသည်မှာ « ဝင်ရောက်နေထိုင်သူ လူအုပ်စုများ၊ မိသားစုများနှင့် လူပုဂ္ဂိုလ်များအတွက် သီးသန့် လုံခြုံမှုနှင့် ဂုဏ်သိက္ခာရှိမှုကို ပေးစွမ်းနိုင်သည့် ဘေးအန္တရာယ် ကင်းရှင်းသော၊ ကျန်းမာရေးနှင့်ညီညွတ်သော၊ သက်ဝင်လှုပ်ရှားမှုရှိသည့် ပတ်ဝန်းကျင်တစ်ခုကို ရရှိစေသည့်လူ နေထိုင်နိုင်သည့် အမိုးအကာပါသော နေရာတစ်ခု » ဖြစ်ပါသည်။ Tom Corsellis and Antonella Vitale, Transitional Settlement Displaced Populations၊ စာမျက်နှာ ၄၁၁

အစီအစဉ် စတင်အကောင်အထည်ဖော်ရာ၌ စခန်းပြင်ပတွင် နေထိုင်စရာပေးရန် အပါအဝင် ရွှေ့ပြောင်းနေထိုင်ရသူ မိသားစုများအား နေထိုင်စရာပေးရေးအတွက် ရွေးချယ်နိုင်သည်များ အားလုံးကို လေ့လာဆန်းစစ်ရပါမည်။ အကယ်၍ ရှိနှင့်ပြီးသော စခန်းတစ်ခု သို့မဟုတ် အဆောက်အဦတစ်ခုအား အဆင့်မြှင့်တင်မည်ဆိုလျှင် စခန်း သို့မဟုတ် အခြေချ ရာနေရာတွင် နေထိုင်နေသူများက မည်သည်တို့ကို ဆောက်လုပ်ထားပြီးဖြစ်သည်ကို နေထိုင်စရာ ပံ့ပိုးသည့် အေဂျင်စီ များနှင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ အချိန်ယူကာ လေ့လာဆန်းစစ်သင့်ပါသည်။ ရှိနှင့်ပြီးသော အဆောက်အဦများကို ပြင်ဆင်ခြင်း၊ လူမနေသော အဆောက်အဦများကို ငှားရမ်းခြင်း သို့မဟုတ် ရွှေ့ပြောင်းနေထိုင်သူများအား ၎င်းတို့ကို လက်ခံနေရာပေးထားသည့် ရပ်ရွာမှ မိသားစုများနှင့် နေထိုင်စေခြင်းတို့သည် ပိုမိုသင့်တော်သော ရွေးချယ်စရာများ ဖြစ်နိုင်ပါသည်။ ရွေးချယ်သည့်နည်းလမ်းများ အားလုံးတွင် အစီအစဉ်တစ်ခုလုံး၏ ရည်ရွယ်ချက်များအား အထောက် အပံ့ပြုသည့်အချက်များနှင့် ထိခိုက်စေမည့်အချက်များကို ရှင်းရှင်းလင်းလင်း ထည့်သွင်းစဉ်းစားရပါမည်။ နေထိုင်စရာ ပေးရေးစီမံချက်တစ်ခုအား ထိရောက်ကောင်းမွန်စွာ ရေးဆွဲနိုင်ပါက ရွှေ့ပြောင်းနေထိုင်သူမိသားစုများ၏ လိုအပ်ချက် ကို ဖြည့်ဆည်းပေးနိုင်ပြီး တစ်ချိန်တည်းတွင် ၎င်းတို့ ရှိနေသည့်အတွက် လက်ခံထားရသော ရပ်ရွာလူထုများအပေါ် ဆိုးကျိုးသက်ရောက်မှုများကိုလည်း လျော့ပါးသက်သာစေကာ ဆုံးရှုံးနစ်နာမှုများကို ကာမိအောင် ပြန်လည်ဖြည့်ဆည်း လုပ်ဆောင်ပေးနိုင်ပါသည်။

### နေထိုင်စရာဟူသည်မှာ ခေါင်မိုးတစ်ခုထက်မက အဓိပ္ပါယ်ပြည့်ဝပါသည်

နေထိုင်စရာပေးရေးအစီအစဉ်တစ်ခု၏ ရုပ်ပိုင်းဆိုင်ရာ အစိတ်အပိုင်းများတွင် နံရံများနှင့် အမိုးတစ်ခုသာမက အဖုံး အထည်၊ အိပ်ရာလိပ်၊ ချက်ပြုတ်စားသောက်ရန်ပစ္စည်းများနှင့် အခြားသော အစားအသောက်မဟုတ်သည့် လူသုံး ပစ္စည်းများ (NFIs) လည်း ပါဝင်သည်ကို မမေ့သင့်ပေ။

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - စုစည်းနေထိုင်ရာနေရာများတွင် နေထိုင်စရာပံ့ပိုးပေးခြင်း

၂၀၀၈ခုနှစ်၊ ဟေတီနိုင်ငံ၊ ဂိုးနာအိုက်စ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားပြီးပြီးချင်း လူများနေရပ်စွန့်ခွာကာ ရွှေ့ပြောင်း နေထိုင်ကြသောအခါ အချို့သူများသည် ရွက်ဖျင်တဲထိုးထားသော စခန်းနေရာများတွင် ဝင်ရောက် ခိုလှုံကြသော် လည်း အများစုမှာ ကြီးမားသော အဆောက်အဦများအတွင်းနှင့် မိတ်ဆွေသူငယ်ချင်းများ သို့မဟုတ် ဆွေမျိုးများနှင့် အတူ နေထိုင်ကြပါသည်။ ဟိုတယ်များ၊ သိုလှောင်ရုံများ၊ ဘုရားကျောင်းများနှင့် စာသင်ကျောင်းများအပါအဝင် အဆောက်အဦ အမျိုးမျိုးအား စုစည်းနေထိုင်ရာနေရာများအဖြစ် အသုံးပြုခဲ့ကြပါသည်။

မိသားစုများအတွက် နေထိုင်စရာလိုအပ်ချက်များသည် စခန်းနေရာ၏ အတိုင်းအတာနှင့် ပုံစံ သို့မဟုတ် စုစည်း နေထိုင်ရာနေရာ၏ အထားအသိုတို့ကို ဆုံးဖြတ်သတ်မှတ်နိုင်ရန် အထောက်အကူပြုပါလိမ့်မည်။ အခြေချရာနေရာ အစီအစဉ်ရေးဆွဲခြင်း၊ နေထိုင်စရာဒီဇိုင်းများ သို့မဟုတ် စုစည်းနေထိုင်ရာနေရာများအား အဆင့်မြှင့်တင်မှုများတွင်

ရွှေ့ပြောင်းနေထိုင်သူများနှင့် ၎င်းတို့အား လက်ခံနေရာပေးထားသော ရပ်ရွာလူထုများ၏ လိုအပ်ချက်များ၊ အစားအစာနှင့် NFI များ ဖြန့်ဝေခြင်းကဲ့သို့သော အခြားဝန်ဆောင်မှုများ၊ အခြားသော အခြေခံ အဆောက်အအုံနှင့် ပြင်ပမှ ထောက်ပံ့ပို့ဆောင်မှုဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းများကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ ယေဘုယျအားဖြင့် စခန်းနေရာ အစီအစဉ်တစ်ခုအား ဆောက်လုပ်ရေးလုပ်ငန်းများ သို့မဟုတ် ပစ္စည်း ဖြန့်ဝေမှုများအား မစတင်မီကတည်းက ရှင်းရှင်းလင်းလင်း ရေးဆွဲချမှတ်သင့်ပါသည်။ နေထိုင်စရာနှင့် စခန်းတွင်းတွင် လူများ မည်သို့နေထိုင်ကာ နေရာများကို မည်သို့ အသုံးပြုကြမည်ဆိုသည်ကို နားလည်သဘောပေါက်ကာ စခန်းနေရာ အစီအစဉ်ကို ရေးဆွဲရန် လိုအပ်ပါသည်။

## မြေနေရာအတွက် ညှိနှိုင်းဆွေးနွေးမှုများ

မြေနေရာအတွက် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပုံနှင့် အစောပိုင်းကာလတွင် စခန်းလူထုနှင့် အနီးဝန်းကျင်မှ ရပ်ရွာလူထုကြား တည်ဆောက်ထားခဲ့သော ဆက်ဆံရေးများသည်လည်း နောက်ပိုင်း စခန်းများ လည်ပတ်မှုနှင့် စီမံခန့်ခွဲမှုများအပေါ် သက်ရောက်မှုရှိပါသည်။

ရွှေ့ပြောင်းနေထိုင်သူများရောက်ရှိမလာမီ စခန်းများအတွက် နေရာရွေးချယ်ကာ ဒီဇိုင်းပုံစံရေးဆွဲနိုင်လျှင် အကောင်းဆုံးဖြစ်သော်လည်း ထိုသို့ ဆောင်ရွက်နိုင်သော အခြေအနေမျိုးမှာ အလွန် ရှားပါးပါသည်။ အချို့ တိုင်းပြည်များတွင် နိုင်ငံအာဏာပိုင်များသည် ဆိုင်ကလုန်း၊ ဟာရီကိန်း၊ မုန်တိုင်းနှင့် ရေကြီးရေလျှံမှုကဲ့သို့သော သဘာဝဘေးအန္တရာယ် များအတွက် ရွှေ့ပြောင်းနေထိုင်သူများအား အချို့သော အဆောက်အဦများ၌ စုစည်းနေထိုင်ရာနေရာ များအဖြစ် အစီအစဉ်ရေးဆွဲကာ ယာယီနေရာချထားပေးနိုင်ပါသည်။

များသောအားဖြင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ လုပ်ငန်းများ မစတင်နိုင်မီတွင် ရွှေ့ပြောင်းနေထိုင်ကြသော လူအုပ်စု သည် လူမနေသော အဆောက်အဦများ သို့မဟုတ် မြေနေရာများတွင် ၎င်းတို့ဖာသာ အခြေချနေထိုင်နိုင်ပါသည်။ ထိုသို့ ၎င်းတို့ဖာသာ အခြေချနေထိုင်သည့် စခန်း၏ အရွယ်အစားပေါ်မူတည်ကာ အသစ်တည်ဆောက်ခြင်းထက် ရှိနေသော အဆောက်အဦများနှင့် အခြေခံအဆောက်အအုံများအား နိုင်ငံအဆင့် သို့မဟုတ် နိုင်ငံတကာ စံနှုန်းများနှင့် အညီဖြစ်အောင် အဆင့်မြှင့်တင်ခြင်းအား စူးစိုက်ဆောင်ရွက်နိုင်ပါသည်။ စခန်းများကို ပြန်လည်တည်ဆောက်ရန် အတွက် ရွှေ့ပြောင်းနေထိုင်ရသူများအား ရွှေ့ပြောင်းထားနိုင်ပါသည်။ လူများကို ကာကွယ်စောင့်ရှောက်ရန်အတွက် ဘေးကင်းလုံခြုံရေး လုပ်ဆောင်ချက်များကို ဆောင်ရွက်နိုင်ပါသည်။

Sphere နှင့် ကုလသမဂ္ဂ ဒုက္ခသည်အေဂျင်စီ (UNHCR) မှ ပြဋ္ဌာန်းထားသော နေထိုင်စရာအတွက် အနိမ့်ဆုံး စံနှုန်းများအား ကနဦးလမ်းညွှန်များအဖြစ် အသုံးပြုကြရန် စခန်းညှိနှိုင်းမှုနှင့် စခန်းစီမံခန့်ခွဲမှု (CCCM) အစုအဖွဲ့မှ အကြံပြု ထားပါသည်။ အများအားဖြင့် သဘောတူထားသောစံနှုန်းများသည် အစပိုင်းတွင် ပြည့်မီရန် ခက်ခဲကောင်း ခက်ခဲ နိုင်ပါ သည်။ အသင့်တော်ဆုံး စံနှုန်းများ သို့မဟုတ် နေထိုင်မှုအခြေအနေများကို ရရှိစေမှုသည် အချိန်ယူ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်နိုင်ပါသည်။ အနိမ့်ဆုံးစံနှုန်းများနှင့် ယင်းတို့၏ အညွှန်းကိန်းများအား နေရာတိုင်းအတွက် ရည်ရွယ်သတ်မှတ်ထားသော်လည်း ယင်းတို့အား ပြည့်မီအောင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိဆိုသည်မှာ ဒေသအလိုက်၊ ယဉ်ကျေးမှုအလိုက် ရှိနေသော အကြောင်းအချက်များပေါ်တွင် များစွာမူတည်နေပါသည်။ နေထိုင်စရာပေးရေးလုပ်ငန်းများအား နေထိုင်စရာ ကို အထူးပြုသော ဝန်ဆောင်မှုအေဂျင်စီမှ စခန်းစီမံခန့်ခွဲမှု အစုအဖွဲ့/ကဏ္ဍဦးဆောင်အေဂျင်စီနှင့်သာမက နေထိုင်စရာ အစုအဖွဲ့/ကဏ္ဍတို့နှင့် နီးကပ်စွာ ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။

## နေထိုင်စရာ အခြေအနေများ ဆိုးရွားနေမှုကို ညွှန်ပြသော အညွှန်းကိန်းများ

ပြင်းထန်သော အသက်ရှူလမ်းကြောင်းပိုးဝင်မှုများ (Acute Respiratory Infections - ARI)၊ မျက်လုံးပိုးဝင်မှုများနှင့် ဝဲရောဂါ ဖြစ်ပွားမှုများ တိုးပွားလာမှုသည် စခန်းတွင်းရှိ နေထိုင်စရာအခြေအနေများ ဆိုးရွားနေမှုကို ညွှန်ပြသော

အညွှန်းကိန်းများဖြစ်ပါသည်။ ဒေသတွင်း သို့မဟုတ် တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ဖြစ်ပွားသောအခါမျိုးတွင် စခန်း အချို့၏ ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို စောင့်ကြည့်စစ်ဆေးခြင်းသည် အထောက်အကူ ဖြစ်နိုင်ပါသည်။

## အဓိက အရေးကိစ္စများ

### အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ

စခန်းများကြား/ဒေသတွင်းအဆင့်တွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းတွင်းရှိ နေထိုင်စရာဆိုင်ရာ လုပ်ဆောင်ချက်များအားလုံးကို စခန်းညှိနှိုင်းမှု အစုအဖွဲ့/ကဏ္ဍဦးဆောင်အေဂျင်စီနှင့် နီးကပ်စွာ ညှိနှိုင်းဆောင်ရွက်ရန် တာဝန်ရှိ ပါသည်။ ထိုတာဝန်များထဲတွင် အောက်ပါတို့ ပါဝင်ပါသည်။

- စခန်းတွင်းရှိ ပါဝင်ပတ်သက်သူများအားလုံးသည် နိုင်ငံအဆင့် မဟာဗျူဟာများနှင့် စံနှုန်းများအား လိုက်နာမှု ရှိကြောင်း သေချာအောင် လုပ်ဆောင်ရာတွင် CCCM နှင့် နေထိုင်စရာ အစုအဖွဲ့များအား ကူညီပံ့ပိုးပေးခြင်း
- စခန်းများတွင် နေထိုင်စရာပံ့ပိုးရေးအေဂျင်စီများနှင့် မိတ်ဖက်ပြုမှုများကို အခိုင်အမာတည်ဆောက်ခြင်း
- ရွှေ့ပြောင်းနေထိုင်ရသူများကြားရှိ နေထိုင်စရာများနှင့် ဆက်နွယ်သော လိုအပ်ချက်များနှင့် ကွာဟချက်များ အားလုံးကို လေ့လာဆန်းစစ်မှု၊ သတ်မှတ်ဖော်ထုတ်မှု၊ တုံ့ပြန်ဆောင်ရွက်ပေးမှုနှင့် နောက်ဆက်တွဲ လိုအပ် သည်များအားလုံးကို ဆက်လက်လုပ်ဆောင်ပေးမှုတို့အား သေချာစေခြင်း
- မသန်စွမ်းသူများ၊ အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုများ၊ ဆယ်ကျော်သက် ဦးဆောင်သော အိမ်ထောင်စုများ၊ သက်ရွယ်ကြီးသူများနှင့် နာမကျန်းသူများကဲ့သို့သော ထိခိုက်လွယ်သည့် အုပ်စုများအတွက် အထူးအာရုံစိုက်ဆောင်ရွက်ပေးခြင်း
- နေထိုင်စရာများ ပံ့ပိုးပေးရာတွင် လိုအပ်ချက်အရှိဆုံးသူများအား ဦးတည်ဆောင်ရွက်ပေးနိုင်ရန်အတွက် နေထိုင်စရာ နေရာချထားမှုများကို စောင့်ကြည့်ကြီးကြပ်ခြင်း
- နေထိုင်စရာ ပံ့ပိုးမှုများအား စခန်းတွင်းရှိ အခြားသောကဏ္ဍများနှင့် ညှိနှိုင်းဆောင်ရွက်ကြောင်း သေချာ စေခြင်း
- အခြားသော အစီအစဉ်များ၊ ကဏ္ဍများနှင့် အပြန်အလှန်ဖြည့်စွက်ထောက်ကူပေးနိုင်မည့် အလားအလာ များအား စဉ်းစားသုံးသပ်ခြင်း
- လုပ်ဆောင်သူများသည် လူထုနှင့် တိုင်ပင်ဆွေးနွေးမှုများ၊ လူထုအား နှီးနှော်စည်းရုံးမှုများကို သင့်တော်သလို ဆောင်ရွက်နေကြောင်း သေချာစေခြင်းနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် အများပြည်သူ အသုံးပြုသောနေရာများတွင် ကျူးကျော်နေထိုင်မှုများ လျှော့ချရေးစသည့် နေထိုင်စရာနှင့် ဆက်နွယ်သော လုပ်ငန်းများအား ကူညီပံ့ပိုးရန်အတွက် ကိုယ်စားပြုကော်မတီများ တည်ထောင်ထားကြောင်း သေချာစေ ခြင်း
- စခန်းတွင်း နေထိုင်စရာနေရာများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးကို မြှင့်တင်ဆောင်ရွက်ပေး လျက်ရှိကြောင်း သေချာစေခြင်း
- စခန်းအုပ်ချုပ်ရေးအဖွဲ့၊ သက်ဆိုင်ရာနိုင်ငံအာဏာပိုင်များ၊ လူသားချင်းစာနာထောက်ထားမှု လုပ်ဆောင်သူ များနှင့် ဆက်သွယ်ဆောင်ရွက်မှု၊ သတင်းအချက်အလက်မျှဝေမှုနှင့် နေထိုင်စရာဆိုင်ရာ တိုက်တွန်း ဆွေးနွေးမှုများအားလုံးကို ညှိနှိုင်းဆောင်ရွက်ခြင်း
- စခန်းများအားလုံးတွင် နေ့တွက်ခများ၊ ဒီဇိုင်းပုံစံများနှင့် အသုံးပြုသည့် ပစ္စည်းအရည်အသွေးများကဲ့သို့ အစီအစဉ် အကောင်အထည်ဖော်မှုဆိုင်ရာ အသေးစိတ်အချက်အလက်များ တစ်သမတ်တည်းဖြစ်စေ ကြောင်း သေချာအောင် လုပ်ဆောင်ရန် စခန်းညှိနှိုင်းရေးအဖွဲ့အား အသိပေးရှင်းလင်းတင်ပြခြင်း
- စခန်းစီမံခန့်ခွဲမှုအေဂျင်စီတစ်ခု၏ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများအကြောင်း ထပ်မံသိလိုသည်များ ရှိပါက အခန်း ၂ - အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများတွင် ကြည့်ပါ။

## နေထိုင်စရာ အဆောက်အဉီလုပ်ငန်းများအတွက် အစီအစဉ်ရေးဆွဲခြင်း

ယေဘုယျအားဖြင့် စခန်းအခြေအနေတွင် နေထိုင်စရာအစီအစဉ်များအား အောက်ပါ တုံ့ပြန်ဆောင်ရွက်မှု အဆင့်များအတွင်း ပေါင်းစပ်ထည့်သွင်း ဆောင်ရွက်နိုင်ပါသည်။

- ကြိုတင်ပြင်ဆင်ခြင်း/အရေးပေါ် အစီအစဉ်
- အရေးပေါ် အခြေအနေ
- အရေးပေါ် အခြေအနေ နောက်ပိုင်း (ကူးပြောင်းချိန်/ယာယီ)
- နေထိုင်စရာများအား စောင့်ရှောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်း
- စခန်းပိတ်သိမ်းခြင်း

## ကြိုတင်ပြင်ဆင်ခြင်း/အရေးပေါ် အစီအစဉ်

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် လက်တလောနှင့် ရေရှည်တွင် တိုးပွားလာနိုင်သော လူဦးရေများကို ကိုင်တွယ် ဖြေရှင်းနိုင်မည့် နေထိုင်စရာအစီအစဉ်များကို ရေးဆွဲထားသင့်ပါသည်။ အချိန်ကာလသတ်မှတ်ချက်များ၊ ကုန်ကျစရိတ်များ၊ နေထိုင်စရာနှင့် ပတ်သက်သော ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့် ကာကွယ်စောင့်ရှောက်ရေး လိုအပ်ချက်များကဲ့သို့ စခန်းလူထုအတွက် စဉ်းစားပေးရမည့် အချက်များကို ထည့်သွင်းစဉ်းစားကာ အစီအစဉ်များကို ရွေးချယ်ချမှတ် ရပါ မည်။ အစီအစဉ်များ ရေးဆွဲဆောင်ရွက်ခြင်းဖြင့် သင့်တော်သော အမိုးအကာပစ္စည်းများ ရရှိနိုင်ရန် သေချာစေသည့် အပြင် မြေနေရာများ သို့မဟုတ် အဆောက်အဦများအား အသုံးပြုရန် မလိုအပ်သေးသည့် အချိန်ကတည်းက ကြိုတင် ညှိနှိုင်းကာ သဘောတူညီမှု ရယူထားနိုင်သဖြင့် လိုအပ်လာပါက လက်လှမ်းမီနိုင်ရန် သေချာစေပါသည်။ ဤအဆင့် တွင် စီမံချက်ပိတ်သိမ်းမှု မဟာဗျူဟာများကိုလည်း ထည့်သွင်းစဉ်းစားထားသင့်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ သည် အောက်ပါတို့ကို ဆောင်ရွက်သင့်ပါသည်။

- ပြင်ဆင်မှုများ ပြုလုပ်သည့်အဆင့်တွင် မြေနေရာနှင့် အဆောက်အဦများ အသုံးပြုမှုနှင့်စပ်လျဉ်း၍ ညှိနှိုင်းကာ သဘောတူညီချက်များ ရယူခြင်းအား ဦးစားပေးလုပ်ဆောင်သင့်ပါသည်။
- နေထိုင်စရာ ရွေးချယ်စရာများကို စဉ်းစားသုံးသပ်ရာတွင် ကနဦးပင်ရောက်လာမှုများထက် ကျော်လွန်ကာ စဉ်းစားသင့်သည်။ ကနဦးဖြန့်ဝေပေးမည့် အမိုးအကာပစ္စည်းများကို ရွေးချယ်ရာတွင် နောက်ပိုင်းပြင်ဆင် ဆောက်လုပ်ပေးသွားရန် ကြိုတင်စဉ်းစားထားပြီးဖြစ်သော ဒုတိယအဆင့် နေထိုင်စရာပုံစံများတွင် ပြန်လည် အသုံးပြုနိုင်မည့် ပစ္စည်းများကို ရွေးချယ်ဖြန့်ဝေပေးနိုင်ရန် သတိထားလုပ်ဆောင်ရပါမည်။
- စုစည်းနေထိုင်ရာနေရာများအဖြစ် အသုံးပြုရန် သင့်တော်ကြောင်း တွေ့ရှိရသော အဆောက်အဦများသည် ရွှေ့ပြောင်းနေထိုင်မှုများ မဖြစ်ပွားခင်ကတည်းက ဆောက်လုပ်ထားပြီးဖြစ်ကာ များသောအားဖြင့် လူနေရန် အတွက် ဒီဇိုင်းပုံစံထုတ်ထားခြင်း မဟုတ်ကြောင်း သိရှိသတိပြုသင့်ပါသည်။ ထိုနေရာများတွင် လူများ နေထိုင်နိုင်ရန်နှင့် ဒေသအခြေအနေနှင့် ကိုက်ညီအောင်၊ ငလျင်လှုပ်ခြင်းကဲ့သို့ ဖြစ်လာနိုင်ခြေရှိသော ဘေးအန္တရာယ်များအတွက် အဆောက်အဦ လုံခြုံမှုဆိုင်ရာ စံနှုန်းများနှင့် ကိုက်ညီအောင် ဆောင်ရွက်သည့် အခါတွင် ကြီးမားသော၊ ကုန်ကျစရိတ်များပြားသော ပြင်ဆင်မှုလုပ်ငန်းများ လိုအပ်နိုင်ပါသည်။ ထိုလုပ်ငန်းကို ဆောင်ရွက်ရာတွင် လိုအပ်သည့် ကုန်ကျစရိတ်နှင့် အချိန်များသည် အဓိကစဉ်းစား သုံးသပ်ရမည့်အရာများ ဖြစ်ပါသည်။
- နေထိုင်စရာအစီအစဉ် ရေးဆွဲမှုလုပ်ငန်းများအားလုံးကို အခြားသောကဏ္ဍများ အားလုံးနှင့်ညှိနှိုင်းကာ ဆောင်ရွက်သင့်သည်။
- ကာလရှည်ကြာသော ရွှေ့ပြောင်းနေထိုင်မှုအခြေအနေများတွင် စခန်းတွင်းတွင် သဘာဝအလျောက် လူဦးရေတိုးပွားမှု သုံးရာခိုင်နှုန်းနှင့် လေးရာခိုင်နှုန်းကြားအတွက် အစီအစဉ်များ ကြိုတင်ရေးဆွဲထားသင့်ပြီး မိသားစုအရွယ်အစား ကြီးမားလာမှုများအတွက် နေရာပေးအောင် ဆောင်ရွက်ထားသင့်ပါသည်။
- နေထိုင်စရာတည်ဆောက်မှုများ မစတင်မီ ပိုင်ဆိုင်မှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းထားသင့်ပါသည်။

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - ပြင်ဆင်မှုလုပ်ငန်းများ

**ဟေတီရှိ ပစ္စည်းများ ကြိုတင်သိုမီးထားရှိမှု**

၂၀၁၀ မြေငလျင်နောက်ပိုင်းတွင် ကပ်ဘေးအန္တရာယ် အဖြစ်များသော တိုင်းပြည်တစ်ပြည်ဖြစ်သည့် ဟေတီ၌ အမိုးများ၊ အိပ်ယာလိပ်များနှင့် လူသုံးပစ္စည်းများအား ကပ်ဘေးကျရောက်နိုင်သည့် နေရာများတွင် ကြိုတင်သိုမီးထားရှိခြင်းဖြင့် အစီအစဉ်မရှိဘဲ ရုတ်တရက် အခြေချနေထိုင်ရမှုများ ဖြစ်ပွားလာသောအခါ လိုအပ်ချက်များကို ကနဦး တုံ့ပြန်ဖြည့်ဆည်းပေးရာတွင် များစွာ အထောက်အကူပြုပါသည်။

**ဖိလစ်ပိုင်နိုင်ငံမှ ကယ်ဆယ်ရေးစခန်းများ**

ကယ်ဆယ်ရေးစခန်းများအား နိုင်ငံအာဏာပိုင်များမှ ကြိုတင်သတ်မှတ်ဖော်ထုတ်ထားတတ်ပြီး မကြာခဏဆိုသလို ရေကြီးရေလျှံမှုများကြောင့် ရွှေ့ပြောင်းနေထိုင်ရသော လူအုပ်စုများသည် ကျောင်းအဆောက်အဦများတွင် ခိုလှုံလေ့ရှိပါသည်။ တိုင်းပြည်တွင် ဖြစ်ပွားသည့် ရေကြီးရေလျှံမှုများအား နည်းလမ်းအမျိုးမျိုးဖြင့် တုံ့ပြန် ဆောင်ရွက်ကြရာတွင် စာသင်ခန်းများအတွင်း ရွှေ့ပြောင်းနေထိုင်ကြသော လူများအား ကျောင်းပရဝုဏ်များ အတွင်းရှိ ရွက်ဖျင်တဲများနှင့် အရေးပေါ်ခိုလှုံစခန်းများသို့ ရွှေ့ပြောင်းပေးခဲ့ကြပါသည်။

## အရေးပေါ်ခိုလှုံစခန်းများအတွက် ရွေးချယ်စရာများ

အရေးပေါ်ခိုလှုံစခန်းများကို ပံ့ပိုးပေးရာတွင် အမြန်ဆုံး အကောင်အထည်ဖော်နိုင်သည့် ဒီဇိုင်းပုံစံမျိုး ရေးဆွဲကာ ဆောင်ရွက်သင့်ပါသည်။ တုံ့ပြန်ဆောင်ရွက်မှုတစ်ခု၏ ကနဦးအဆင့်များတွင် သို့မဟုတ် ရေတိုအတွက် ဖြေရှင်းရမည့် နည်းလမ်းတစ်ခုအနေဖြင့် စခန်းများအား မဖြစ်မနေတည်ထောင်ရမည့် အချိန်မျိုးတွင် ရွက်ဖျင်တဲများ သို့မဟုတ် ပလတ်စတစ်အစများအား ဖြန့်ဝေပေးခြင်း သို့မဟုတ် ပြည်သူပိုင်အဆောက်အဦများအား အနည်းအကျဉ်းမျှ ပြုပြင် ပြောင်းလဲကာ ဝင်ရောက်နေထိုင်စေခြင်းတို့ကို ဆောင်ရွက်ပေးရတတ်ပါသည်။ သို့သော် ရွှေ့ပြောင်းနေထိုင်ရမှုများ သည် မျှော်မှန်းထားသည်ထက် ပိုမိုရှည်ကြာတတ်ပြီး အဆောက်အဦများသည်လည်း မူလအသုံးပြုနေသည့် ရည်ရွယ် ချက်များအတွက် ပြန်လည်အသုံးပြုရန် လိုအပ်လာမည်သာ ဖြစ်ပါသည်။ အရေးပေါ်ခိုလှုံစရာများကို ပံ့ပိုးပေးရခြင်း၏ ရည်ရွယ်ချက်မှာ ရွှေ့ပြောင်းနေထိုင်သူများအား ရာသီဥတုဒဏ်မှ လတ်တလော ကာကွယ်စောင့်ရှောက်ပေးရန် အတွက်သာ ဖြစ်ပါသည်။

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - စခန်းတစ်ခု၏ ပျမ်းမျှသက်တမ်း

ပဋိပက္ခနှင့် ဒုက္ခသည်အခြေအနေများတွင် စခန်းအများစု၏ ပျမ်းမျှသက်တမ်းမှာ ၁၂ နှစ်ဖြစ်ပြီး ထိုထက် ပိုမိုရှည်ကြာ စွာ တည်ရှိသည့် စခန်းများလည်း အများအပြား ရှိပါသည်။ အချို့သော ပါလက်စတိုင်း ဒုက္ခသည်စခန်းများသည် နှစ်ပေါင်း ၆၀ ကျော် ကြာမြင့်နေပြီဖြစ်သည်။ သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် တည်ထောင်သော စခန်းများ သည် သက်တမ်းများစွာ ပိုတိုလေ့ရှိသော်လည်း အချို့မှာ နှစ်ကာလအတန်ကြာ ဆက်လက် တည်ရှိနေတတ်ပါသည်။

## အရေးပေါ်အခြေအနေ နောက်ပိုင်းကာလ (ကူးပြောင်းချိန်/ယာယီကာလ)

အရေးပေါ်ခိုလှုံစရာများ ပံ့ပိုးပေးပြီးနောက်တွင် ဘေးဒဏ်ခံလူထု၏ အသက်ရှင်သန်ရေးအတွက် အခြေခံလိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်သော နေထိုင်စရာများကို တတ်နိုင်သမျှအမြန်ဆုံး ဆက်လက် ပံ့ပိုးပေးသင့်ပါသည်။ အသုံးများသည့် "T-shelter (T-နေထိုင်စရာ)" ဟူသော အသုံးအနှုန်း (transitional- ကြားကာလ သို့မဟုတ် temporary - ယာယီ ဟူသော အဓိပ္ပါယ်ဖြင့် "T" ဟုခေါ်ဆိုခြင်းဖြစ်) သည် ရွှေ့ပြောင်းနိုင်ခြင်း၊ ပြုပြင်ပြောင်းလဲ နိုင်ခြင်း၊ ချဲ့ထွင်နိုင်ခြင်း ဟူသော အဓိပ္ပါယ်များကို သက်ရောက်စေပါသည်။ ပလတ်စတစ်အခင်းများ၊ ရွက်ဖျင်တဲများ သို့မဟုတ် သစ်သားချောင်း/ဝါးလုံးများသည် ပိုမို ရေရှည်ခံသော နေစရာနေရာများသို့ ကူးပြောင်းပံ့ပိုးပေးသည့် နောက်ပိုင်း အဆင့်တစ်ဆင့်တွင် သင့်တော်သလို ပြန်လည် အသုံးပြုနိုင်ပါသည်။ သို့သော် ကြားကာလအတွက် နေထိုင်စရာအစီအစဉ်များဟု သုံးနှုန်းမည်ဆိုလျှင် နောက်ပိုင်းတွင် နေထိုင်စရာနှင့်ပတ်သက်၍ ရေရှည်အတွက် ဖြေရှင်းနိုင်သောနည်းလမ်းများ ရှိနေသည်ဟူသော အဓိပ္ပါယ်မျိုး သက်ရောက်နိုင်ပါသည်။ စခန်းများတွင်

ထိုသို့သော နည်းလမ်းများ ရှိမနေတတ်ပါ။ ထို့ကြောင့် ရွှေ့ပြောင်းနေထိုင်မှုများ ပြုလုပ်စဉ်ကာလအတွင်း ပံ့ပိုးပေးထားသော နေထိုင်စရာများ သို့မဟုတ် ပစ္စည်းများအား နောင်အနာဂတ်တွင် အမြဲတမ်းနေထိုင်နိုင်သော နေထိုင်စရာများ ဆောက် လုပ်ရာတွင် ထည့်သွင်းသုံးစွဲရန် ရည်ရွယ်ထားခြင်းမရှိပါက ယာယီ သို့မဟုတ် အမြဲတမ်းအတွက် မဟုတ်သော နေထိုင်စရာများဟု သုံးနှုန်းလျှင် ပို၍သင့်လျော်ပါသည်။

အရေးပေါ်အခြေအနေနောက်ပိုင်းအဆင့်တွင် စုစည်းနေထိုင်ရာနေရာ တစ်ခုအတွင်း၌ ပြင်ဆင်မှုနှင့် အဆင့်မြှင့်တင်မှုများ၊ အထပ်သားနံရံများ ပံ့ပိုးပေးခြင်းကဲ့သို့ သီးသန့်လုံခြုံမှုကို တိုးတက်စေမှုများ၊ ဂန်ဆောင်မှု တိုးတက်စေမှုများနှင့် အတူ အဆောက်အဦများအား အပူအအေးမျှတအောင် ဆောင်ရွက်ပေးမှုများကိုလည်း ဆက်လက်လုပ်ဆောင်ပေး သွားနိုင်ပါသည်။ မိသားစုများ၏ လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းပေးရန်၊ စုစည်းနေရာတွင် နေထိုင်သူများအား မီးဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ကြောင်း သေချာစေရန်နှင့် ဆင်ခြေလျှော့လမ်းများကဲ့သို့ ထိခိုက်လွယ်သော အုပ်စုများ၏ သီးခြားလိုအပ်ချက်များအား တုံ့ပြန်ဖြည့်ဆည်းပေးနိုင်ရန်တို့အတွက် ပြုပြင်ပြောင်းလဲပြင်ဆင်မှုများအား လုပ်ဆောင်ပေးရန် လိုအပ်ပါသည်။ ကြားကာလ နေထိုင်စရာများ သို့မဟုတ် နောက်ပိုင်းတွင် တစ်ဆင့်ချင်း အဆင့် မြှင့်တင်တည်ဆောက်သွားနိုင်သော နေထိုင်စရာများအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် အရေးပေါ် ဖြန့်ဝေမှုများအား အကြိမ်ကြိမ် ပြုလုပ်ပေးခြင်းထက် ရေရှည်တွင် ပိုမိုတွက်ခြေကိုက်သော ဖြေရှင်းရန် နည်းလမ်းများကို ရရှိစေနိုင် ပါသည်။

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - အရေးပေါ်နှင့် အရေးပေါ်အခြေအနေနောက်ပိုင်း နေထိုင်စရာ နမူနာများ

- ဂီနီ - ပလတ်စတစ်စ နှစ်စအား အိုင်ဗိုရီယန် ဒုက္ခသည်မိသားစုများအတွက် ဝေငှပေးခဲ့ပါသည်။ ထို ပလတ်စတစ်စများသည် ခြောက်လခန့်သာ အသုံးခံသော်လည်း တစ်နှစ်တစ်ကြိမ် သို့မဟုတ် နှစ်နှစ် မှ တစ်ကြိမ်သာ လဲလှယ်ပေးရန် ရန်ပုံငွေရှိပါသည်။ ထိုပလတ်စတစ်စများအား မြက်များဖြင့် ဖုံးအုပ်ထားခြင်း သည် လအနည်းငယ် ပို၍ အသုံးခံကြောင်း ဒုက္ခသည်များ တွေ့ရှိခဲ့ကြပါသည်။ ပလတ်စတစ်စ အသစ်များ ထပ်မံ ရရှိသောအခါ အဟောင်းများကို လွှင့်မပစ်ဘဲ အောက်တွင် သုံးလေးလွှာ ထပ်ခင်းထားခြင်းဖြင့် ပလတ်စတစ်စများ၏ ရေမဝင်အောင် တားဆီးနိုင်စွမ်းကို သိသာစွာ မြင့်မားစေပါသည်။
- ပါကစ္စတန် - ရွှံ့ဖုတ်တဲများအား စောင်များ၊ မီးဖိုများ၊ အိုးခွက်ပန်းကန်များနှင့်အတူ ဖြန့်ဝေပေးပါသည်။ ရွှံ့ဖုတ်တဲများထိုးရာတွင် နည်းလမ်းမှန်ကန်စေရန် လျှောင်လှုပ်၍ လအနည်းငယ်ကြာပြီးနောက် သင်တန်းများ ပေးကာ ရွှေ့လျားအဖွဲ့များက ရွှံ့ဖုတ်တဲများ ထိုးရာတွင် လိုက်လံကူညီပေးကြပါသည်။ စခန်းအား ပြန်လည် တည်ဆောက်နေသည့် အဆင့်တွင် လူများသည် ပျက်စီးသွားသော ၎င်းတို့၏ အိမ်နေရာများတွင် ရွှံ့ဖုတ်တဲ များထိုးကာ ပြန်နေကြပါသည်။
- လက်ဘနွန် - အသုံးမပြုသောအဆောက်အဦများနှင့် မပြီးစီးသေးသော အဆောက်အဦများ၏ ပိုင်ရှင်မ ဉာဏ်အား ပြင်ဆင်ရန်နှင့် တံခါးများတပ်ဆင်ရန်အတွက် ထောက်ပံ့ကြေးများပေးကာ ရွှေ့ပြောင်း နေထိုင်ရသော မိသားစုများကို လက်ခံနေရာပေးနိုင်အောင် ဆောင်ရွက်ပါသည်။
- တောင်ဆူဒန် - ရွှေ့ပြောင်းနေထိုင်ရသော မိသားစုများအား နေထိုင်စရာများ ဆောက်လုပ်နိုင်ရန်အတွက် ပလတ်စတစ်စများ၊ သစ်သားချောင်းများနှင့် ရိုးရာမြက်ဖျာများကို ပံ့ပိုးပေးပါသည်။ ပစ္စည်းများအား အထိရောက်ဆုံးနှင့် ရေရှည်သုံးစွဲနိုင်စေရန် သင်တန်းများ ပြုလုပ်ပေးပြီး ထိခိုက်လွယ်သူများ အတွက်လည်း အထောက်အပံ့များ ထပ်ဆောင်းပံ့ပိုးပေးပါသည်။
- အီသီယိုးပီးယား - ရေရှည်ခံသော နေထိုင်စရာများအား နေထိုင်စရာပံ့ပိုးရေးအေဂျင်စီများမှ ရွေးချယ် ပြင်ဆင်ပေးကာ နောက်ဆုံးဒီဇိုင်းပုံစံအား စခန်းကိုယ်စားလှယ်များပါဝင်သည့် ကော်မတီတစ်ခုမှ ရွေးချယ်ပါ သည်။ ရွေးချယ်လိုက်သော ဒီဇိုင်းအား အလုပ်ရုံများတွင် ထုတ်လုပ်ပြီး ဒုက္ခသည်အဖွဲ့များကို တပ်ဆင် စေခြင်းဖြင့် ဝင်ငွေရရှိနိုင်သော အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ပါသည်။

## နေထိုင်စရာနေစရာများအား စောင့်ရှောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်း

နေထိုင်စရာ ပံ့ပိုးပေးသည့် အစောပိုင်းအဆင့်များ ကျော်လွန်လာပြီးနောက်တွင် ရွှေ့ပြောင်းနေထိုင်သည့်ကာလ တလျှောက်လုံး အသုံးခံမည့် နေထိုင်စရာများကို လိုအပ်လာပါလိမ့်မည်။ အထူးသဖြင့် အပူအအေး ပြင်းထန်သော၊ မိုး၊ ဆီးနှင်းကျပြီး/သို့မဟုတ် လေထန်သော ဒေသများတွင် ပိုမိုလိုအပ်ပါသည်။ ရေတိုအသုံးပြုရန် ဆောက်လုပ်ထားသော နေထိုင်စရာတစ်ခုအား ရေရှည်အသုံးပြုနိုင်ရန် ထိန်းသိမ်းပြုပြင်မည်ဆိုပါက များသောအားဖြင့် ကုန်ကျစရိတ် များတတ်သည်သာမက သီးသန့်လုံခြုံမှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို ဖြည့်ဆည်းပေးရန်ဟူသည့် နေထိုင်စရာများ ပံ့ပိုးပေးရခြင်း၏ ရည်ရွယ်ချက်ကိုလည်း အပြည့်အဝပြည့်မီစေနိုင်မည် မဟုတ်ပါ။ နေထိုင်စရာများအား အဆင့် မြှင့်တင်သောအခါတိုင်းတွင် နေထိုင်စရာများနှင့် စခန်း နှစ်ခုစလုံးအတွက် မျှော်မှန်းတွက်ချက်ထားသော သက်တမ်းကို ထည့်သွင်းစဉ်းစားရပါမည်။

စခန်းများတွင် ရေရှည်အသုံးပြုရန်နှင့် ပိုင်ဆိုင်နိုင်ရန် သဘောတူညီချက် ရယူထားခြင်း၊ အစီအစဉ်ရေးဆွဲထားခြင်းများ မရှိဘဲနှင့် ရေရှည်ခံသော နေထိုင်စရာများကို ဆောက်လုပ်ရန်မသင့်ပါ။ ဥပမာပြရလျှင် ဆောက်လုပ်ထားသော အဆောက်အဦးများအား လက်ခံနေရာပေးထားသည့် ရပ်ရွာလူထုထံ လွှဲပြောင်းပေးရန် သဘောတူထားခြင်း သို့မဟုတ် စုစည်းနေထိုင်ရာနေရာအဖြစ်အသုံးပြုသည့် အဆောက်အဦများအား ရွှေ့ပြောင်းနေထိုင်သူများ နေထိုင်ပြီး နောက်ပိုင်းတွင် ရေရှည်အသုံးပြုရန်အတွက် ပြန်လည်ပေးအပ်ရန် စီစဉ်ထားခြင်းမျိုး ဖြစ်ပါသည်။

လူများ ကျပ်ညပ်နေခြင်းနှင့် အစကနဦးကတည်းက စခန်းနေရာအစီအစဉ်အား ကောင်းစွာရေးဆွဲထားမှု မရှိခြင်းများသည် နောက်ပိုင်းအဆင့်တွင် နေထိုင်စရာများအား ပြုပြင်ထိန်းသိမ်းရန်နှင့် အဆင့်မြှင့်တင်ရန် ခက်ခဲပါလိမ့်မည်။ သို့သော် ကောင်းစွာ ဆောက်လုပ်ထားခြင်းမရှိသော နေထိုင်စရာများအား အဆင့်မြှင့်တင်ခြင်းသည် စခန်းပြုပြင်ထိန်းသိမ်းမှုအတွက် ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ပြီး ယင်းအား စီစဉ်ဆောင်ရွက်ပေးရန်အတွက် စခန်းစီမံခန့်ခွဲမှု အေဂျင်စီတွင် တိုက်ရိုက်တာဝန်ရှိပါသည်။

### နေထိုင်စရာများ ထိန်းသိမ်းပြုပြင်ရာတွင် လူထုပါဝင်ဆောင်ရွက်စေမှု

စခန်းလူထုမှ ၎င်းတို့၏ နေထိုင်စရာနေစရာနေရာများကို ပြုပြင်ထိန်းသိမ်းမှုနှင့် အဆင့်မြှင့်တင်မှုတို့အား တာဝန်ယူ ဆောင်ရွက်ခြင်းသည် အသင့်တော်ဆုံးဖြစ်ပါသည်။ ထိုသို့သောအလုပ်များအတွက် လိုအပ်သောပစ္စည်းများအား စခန်းရှိရာဒေသတွင်းမှ ရယူမည်ဆိုလျှင် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မရှိစေရန် သို့မဟုတ် ဒေသခံရပ်ရွာလူထု များနှင့် ပဋိပက္ခမဖြစ်စေရန်အတွက် သေချာစွာ စဉ်းစားဆုံးဖြတ်ရန် လိုအပ်ပါသည်။

စခန်းစီမံခန့်ခွဲမှုကော်မတီသည် အစီအစဉ်များအား အောက်ပါတို့ကို ဆောင်ရွက်ခြင်းဖြင့် အစပျိုးနိုင်ပါသည်။

- ➔ လက်ရှိနေထိုင်စရာများအား နေထိုင်အသုံးပြုမှုနှင့် လက်ရှိနေထိုင်စရာများ၏ လုပ်ငန်းဆောင်တာများ အပါ အဝင် အခြေခံအနေအထားများအား လေ့လာဆန်းစစ်ခြင်း
- ➔ စခန်းတွင်းရှိ နေထိုင်စရာကော်မတီများသည် နေထိုင်စရာအခြေအနေနှင့် လိုအပ်ချက်များအား စစ်တမ်း ကောက်ယူခြင်းနှင့် အစီရင်ခံခြင်းတို့ ဆောင်ရွက်ကြကြောင်း သေချာစေခြင်း
- ➔ မြန်ဆန်သောတုံ့ပြန်မှုများနှင့် ပံ့ပိုးမှုများအတွက် ထိရောက်သော လေ့လာဆန်းစစ်မှုနှင့် စောင့်ကြည့်လေ့လာ မှု စနစ်တစ်ခုအား တည်ထောင်ခြင်း
- ➔ ပြုပြင်ထိန်းသိမ်းရေးကော်မတီများ တည်ထောင်ခြင်းနှင့် အေဂျင်စီဝန်ထမ်းများနှင့် ရွှေ့ပြောင်းနေထိုင်သူများ အား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း
- ➔ ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ ကိရိယာတန်ဆာပလာများနှင့် အသုံးအများဆုံး ပစ္စည်းများအား ရရှိနိုင်မှုနှင့် သိုလှောင်ထားရှိမှုများကို သေချာစေခြင်း
- ➔ ရွှေ့ပြောင်းနေထိုင်သူများကြား နေထိုင်စရာနှင့် မြေနေရာချထားပေးမှုများအပေါ် အငြင်းပွားမှုများအား ဖြေရှင်းပေးခြင်း
- ➔ နိုင်ငံအာဏာပိုင်များ သို့မဟုတ် လက်ခံနေရာပေးထားသော အနီးဝန်းကျင်မှ ရပ်ရွာလူထုများနှင့် ရွှေ့ပြောင်း နေထိုင်သူများကြား နေထိုင်စရာနှင့် မြေနေရာချထားပေးမှုများအပေါ် အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်း ပေးခြင်း
- ➔ ရွှေ့ပြောင်းနေထိုင်ရသော အခြေအနေများတွင် လူများအား ၎င်းတို့၏ နေထိုင်စရာနှင့် မြေနေရာများကို အဆင့်မြှင့်တင်

တည်ဆောက်ခွင့်ပြုရန် နိုင်ငံအာဏာပိုင်များ၊ မြေပိုင်ရှင်များနှင့် ညှိနှိုင်းဆွေးနွေးပေးခြင်း၊ နိုင်ငံအာဏာပိုင်များသည် ရွှေ့ပြောင်းနေထိုင်ရသူများ၏ အခြေချနေထိုင်ရာနေရာများအတွက် သီးသန့် တားမြစ် သတ်မှတ်ချက်များ ထားရှိနိုင်ပါသည်။

- ➔ အသစ်ရောက်ရှိလာသူများ မှတ်ပုံတင်စာရင်းသွင်းခြင်း၊ နေထိုင်စရာလိုအပ်ချက်များအား အလျှင်အမြန် ဖြည့်ဆည်းပေးခြင်းနှင့် မြေကွက်လပ်အလွတ်များအား ပြင်ဆင်ကာ နေရာချထားပေးခြင်းတို့ကို လုပ်ဆောင် ပေးနေကြောင်း သေချာစေခြင်း
- ➔ လူမနေသော နေထိုင်စရာများအား သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ဖယ်ရှားပစ်ခြင်း
- ➔ ပျောင်းနွမ်းနေသော၊ ပျက်စီးနေသော သို့မဟုတ် အဖျက်ဆီးခံရသော နေထိုင်စရာများအား ပြန်လည် အစားထိုးပေးခြင်း။ များသောအားဖြင့် အစားထိုးပေးနိုင်ရန် ပျက်စီးသွားသောပစ္စည်းများကို ပြန်လည်ပေးအပ် ရမည်ဟု စည်းကမ်းသတ်မှတ်ထားခြင်းသည် လုပ်ငန်းများကို ပိုမို ရှင်းလင်းလွယ်ကူစေပါသည်။ နေထိုင်သူ များက ပစ္စည်းအသစ်များ ရရှိလိုသောကြောင့် တမင်ရည်ရွယ်ဖျက်ဆီးပစ်ခြင်းမျိုး မဖြစ်အောင်လည်း ကာကွယ်နိုင်ပါသည်။
- ➔ ပစ္စည်းများအား မည်သည့်အချိန်၊ မည်သည့်အခြေအနေမျိုးတွင် ပြန်လည်အစားထိုးပေးမည်ဆိုသည်နှင့် ပတ်သက်၍ ရှင်းလင်းကာ ပွင့်လင်းမြင်သာသော စည်းမျဉ်းများ ရှိနေစေခြင်း
- ➔ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများတွင် လူထုပါဝင်ဆောင်ရွက်မှုအား သေချာစေခြင်းနှင့် ရွှေ့ပြောင်းနေထိုင် သော လူထုများအား ပြုပြင်ထိန်းသိမ်းမှုများ၏ အရေးပါပုံကို အသိပညာပေးခြင်း

## စခန်းပိတ်သိမ်းခြင်း

စခန်းတစ်ခု ပိတ်သိမ်းရန် နီးကပ်လာသောအခါ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် CCCM အစုအဖွဲ့/ကဏ္ဍဦးဆောင် အေဂျင်စီနှင့် နီးကပ်စွာ ညှိနှိုင်းဆောင်ရွက်ကာ ထိုကိစ္စအတွက် ပါဝင်ပတ်သက်သူများအားလုံးကို ပြင်ဆင်ပေးထား ရပါမည်။ စခန်းလူထုအတွက် ရေရှည်တည်တံ့သော ဖြေရှင်းနည်းများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအပြင် အစီအစဉ် များအား မည်သို့ ပိတ်သိမ်းမည်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးကိစ္စများအား မည်သို့ ကိုင်တွယ်ဖြေရှင်းမည်၊ အဆောက်အဦနှင့် ပစ္စည်းအမျိုးမျိုးအား မည်သို့ စီစဉ်ရမည်၊ ယင်းတို့၏ ပိုင်ဆိုင်မှုကိစ္စများအား မည်သို့ကိုင်တွယ် ဖြေရှင်းရမည်ဆိုသည်တို့ကို ကြိုတင်စီစဉ်ထားရန် အရေးကြီး ပါသည်။

စခန်းပိတ်သိမ်းသည့်အချိန်တွင် အဆောက်အဦများနှင့် နေထိုင်စရာပစ္စည်းများ၏ နောက်ဆုံးပိုင်ဆိုင်မှုသည် အမျိုးမျိုး ကွဲပြားနိုင်ပါသည်။ မူလမြေပိုင်ရှင် မရှိပါက ရေရှည်အသုံးခံအောင် ဆောက်လုပ်ပေးထားသော အရာများအား ရွှေ့ပြောင်းနေထိုင်သူများကို လက်ခံနေရာပေးခဲ့သော ရပ်ရွာလူထုထံ လွှဲပြောင်းပေးနိုင်လျှင် အကောင်းဆုံးဖြစ်ပါ သည်။ ထိုနေထိုင်စရာများတွင် နေထိုင်သူများကပင် မူလပိုင်ရှင်များ ဖြစ်နေပါက ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ပစ္စည်းများ ဖြန့်ဝေပေးသည့်အချိန်ကတည်းက ရှင်းရှင်းလင်းလင်းဖြစ်အောင် လုပ်ထားသင့်ပါသည်။

သို့သော် နိုင်ငံအာဏာပိုင်များ၊ စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် CCCM အစုအဖွဲ့/ကဏ္ဍဦးဆောင်အေဂျင်စီတို့သည် နောင်တွင် ပြန်လည်အသုံးပြုနိုင်ရန် ထိုပစ္စည်းများအား ထိန်းသိမ်းထားလိုသည့် သို့မဟုတ် နေထိုင်စရာများအား ထို အတိုင်းထားရှိလိုသည့် အခြေအနေများလည်း ရှိနိုင်ပါသည်။ စစည်းနေထိုင်ရာနေရာများတွင် အဆောက်အဦအား ပိုင်ရှင်များထံသို့ ပြန်လည်အပ်နှံမှုနှင့်စပ်လျဉ်းသည့် အခြေအနေသတ်မှတ်ချက်များအား ကနဦး လုပ်ငန်းများ မစတင် မီကပင် သဘောတူသတ်မှတ်ထားသင့်ပါသည်။ အဆောက်အဦအား ပြန်လည်အပ်နှံသောအခါ ပိုင်ရှင်များ အသုံးပြု နိုင်ရန်အတွက် အဆောက်အဦအတွင်း ဆောက်လုပ်တပ်ဆင်ထားသမျှအားလုံး နှင့်အတူ အပ်နှံရမည်ဟူ၍ လည်းကောင်း၊ အဆောက်အဦတွင်း တပ်ဆင်ထားသည်များအားလုံးကို ပြန်ဖျက်ကာ နဂိုမူလပုံစံအတိုင်း ပြန်ဖြစ် အောင် ပြင်ဆင်ပေးရမည် ဟူ၍လည်းကောင်း သဘောတူညီချက်များ ထားရှိနိုင်ပါသည်။ သက်ဆိုင်သူများအားလုံး ကျေနပ်မှုရှိရန်အတွက် ထိုသတ်မှတ်ချက်များအား သဘောတူစာချုပ်အားလုံးတွင် ရှင်းလင်းစွာ ထည့်သွင်းဖော်ပြကာ ပိုင်ရှင်များနှင့် တာဝန်ရှိအာဏာပိုင်များမှ လက်မှတ်ရေးထိုးကာ လွှဲပြောင်းပေးရပါမည်။

☛ သဘာဝပတ်ဝန်းကျင်အား ပြန်လည်ထူထောင်ခြင်းနှင့်စပ်လျဉ်း၍ လမ်းညွှန်မှုများ ထပ်မံရရှိလိုပါက - အခန်း (၆) သဘာဝပတ်ဝန်းကျင် - တွင် ကြည့်ပါ။

အောက်ပါတို့အတွက် စီစဉ်ပေးသင့်ပါသည်။

- ➔ နေထိုင်စရာပစ္စည်းများအား အမြဲတမ်းအခြေချနေထိုင်ရာနေရာများသို့ သယ်ပို့ပေးခြင်း။ အိမ်ဆောက်ပစ္စည်း များသည် ဝန်ကျယ်သည့်အတွက် မော်တော်ယာဉ်များ စီစဉ်ပေးရန် လိုအပ်တတ်ပါသည်။ သီးခြား လိုအပ် ချက်ရှိသော အုပ်စုများနှင့် ပိုမိုထိခိုက်လွယ်သောအုပ်စုများအတွက် အိမ်ဆောက်ပစ္စည်းများအား တစ်စစီ ပြန်ဖြုတ်ခြင်း၊ သယ်ဆောင်ခြင်းနှင့် ပြန်လည်တပ်ဆင်ခြင်းတို့ ပြုလုပ်ရာတွင် အကူအညီပေးရန် လိုအပ် ပါသည်။
- ➔ အသုံးမပြုလိုတော့၍ ထားရစ်ခဲ့သော နေထိုင်စရာပစ္စည်းများအား စနစ်တကျ စွန့်ပစ်ပေးခြင်း။ မီးရှို့ခြင်း၊ မြေမြှုပ်ခြင်းနှင့် ပိတ်ပစ်ခြင်းများကို ပြုလုပ်နိုင်ပါသည်။ အကယ်၍ အခိုင်အမာ သို့မဟုတ် ကြာရှည်ခံသော ပစ္စည်းများသုံးကာ တည်ဆောက်ထားခြင်းဖြစ်ပါက ထိုသို့သော စခန်းနေရာအား သန့်ရှင်းရေး ပြုလုပ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်အား ပြန်လည်ပြုပြင်ထူထောင်ခြင်းတို့သည် ပိုမိုခက်ခဲနိုင်ပါသည်။

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - မြေ ပိုင်ဆိုင်မှုဆိုင်ရာ အမြင်များ

ကင်ညာနိုင်ငံရှိ ဒက်ဒပ်စခန်းများတွင် နေထိုင်စရာများ ဆောက်လုပ်ထားသည့် မြေများအား ပိုင်ဆိုင်မှုနှင့် သက်ဆိုင်သော ကိစ္စရပ်များ ရှိခဲ့ပါသည်။ ဒုက္ခသည်များက ၎င်းတို့သည် မြေများကို ပိုင်ဆိုင်ကြသည်ဟု မှတ်ယူကြသဖြင့် များသောအားဖြင့် ပြန်လည်နေရာချထားပေးမှုကြောင့် စခန်းမှ ထွက်ခွာသောအခါ အခြားသော ဒုက္ခသည်များ သို့မဟုတ် စခန်းအနီးဝန်းကျင်ရပ်ရွာမှ မိသားစုများအား ရောင်းချခွင့် သို့မဟုတ် ငှားရမ်းခွင့် ရှိသည်ဟု ထင်မြင်ကြပါသည်။ မြေကွက်များကို ခွဲဝေနေရာချပေးချိန်တွင် ဒုက္ခသည်များအတွက် ရေရှည်တည်တံ့သော ဖြေရှင်းနည်း တစ်ခုကို ရရှိသောအခါတွင် ၎င်းတို့ကို နေရာချထားပေးသော မြေကွက်များအား စခန်းစီမံခန့်ခွဲမှုအေဂျင်စီထံသို့ ပြန်လည်ပေးအပ်ရမည်ဆိုသည်ကို ရှင်းရှင်းလင်းလင်း ပြောထားသင့်ပါသည်။ ပြန်လည်နေရာချထားပေးရန် ရွေးချယ် လိုက်သော ဒုက္ခသည်များ၏ အမည်စာရင်းအား ထိုဒုက္ခသည်များ စခန်းမှ မထွက်ခွာမီ ရက်အနည်းငယ် ကြိုတင်သိရှိကာ မြေကွက်နေရာအား ပြန်လည်သိမ်းယူနိုင်စေမည့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်နေရာချထား ပေးသော အေဂျင်စီနှင့် စခန်းစီမံခန့်ခွဲမှု အေဂျင်စီတို့မှ ချမှတ်ဆောင်ရွက်ရပါမည်။

## ထည့်သွင်းစဉ်းစားရမည့် နည်းပညာပိုင်းဆိုင်ရာ အချက်များ

### နေထိုင်စရာ စံနှုန်းနှင့် အညွှန်းကိန်းများ

စခန်းတွင်း နေထိုင်စရာပံ့ပိုးမှု လုပ်ငန်းတိုင်းတွင် လူတစ်ဦးစီ သို့မဟုတ် မိသားစုတစ်စုစီ နေထိုင်ရန်အတွက် ရရှိနိုင်သော နေရာအကျယ်အဝန်းအား သဘောတူသတ်မှတ်ထားချက်ကို ထည့်သွင်းစဉ်းစားရပါမည်။ Sphere နှင့် အရေးပေါ် အခြေအနေများအတွက် UNHCR ၏ လက်စွဲစာအုပ်တို့တွင် ပါရှိသော၊ နိုင်ငံတကာတွင် အနိမ့်ဆုံးအနေဖြင့် သတ်မှတ်ထားသော စံနှုန်းများ၊ အညွှန်းကိန်းများနှင့် လမ်းညွှန်မှတ်စုများသည် အလွန်အသုံးဝင်ပါသည်။ သို့သော် မကြာခဏဆိုသလို ယင်းတို့အား မှားယွင်းစွာ ကိုးကားပြောဆိုတတ်ကြပါသည်။ စံနှုန်းများ နှင့် အညွှန်းကိန်းများကြား မကြာခဏ ရှုပ်ထွေးတတ်ကြပါသည်။ ယင်းတို့သည် အနိမ့်ဆုံးစံနှုန်းများသာဖြစ်ပြီး အရေးပေါ်အခြေအနေများ အတွင်းတွင်သာ လမ်းညွှန်အနေဖြင့် အသုံးပြုသင့်သည် ဆိုသည်ကို မေ့လျော့နေလေ့ရှိပါသည်။ နေထိုင်စရာ အတွက် ညှိနှိုင်းရေး လုပ်ငန်းယန္တရားများသည် လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ကြောင်း သေချာစေပြီး ပဋိပက္ခများ မရှိစေရန်အတွက် ဒေသ၏ သင့်တော်သည့် စံနှုန်းများကို လိုက်နာရန်လည်း သဘောတူညီထားရပါမည်။

မည်သည့်စခန်းတွင်မဆို စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် မိတ်ဖက်များ၏ မူလရည်ရွယ်ချက်သည် ရွှေ့ပြောင်းနေထိုင်ရသူများ၏ ဘဝအရည်အသွေးအား တတ်နိုင်သမျှ မြှင့်တင်ပေးရန် ဖြစ်သင့်ပါသည်။ ထို့ကြောင့် မိသားစုများအား ပံ့ပိုးပေးသော နေထိုင်စရာ အရွယ်အစားသည် လူများ၏ လိုအပ်ချက်များ၊ ယဉ်ကျေးမှုစံ သတ်မှတ်ချက်များ၊ အသုံးပြုမည့် အချိန်ကာလ၊ သက်ဆိုင်ရာနိုင်ငံ၏ စံနှုန်းများအပေါ်တွင် အခြေခံရန် လိုအပ်ပြီး နေထိုင်စရာများ၏ စံနှုန်းများအား တစ်ဆင့်ချင်း မြှင့်တင် ဖြည့်ဆည်းပေး သွားရမည်ဖြစ်သည်။

လက်တလောတွင် စုစည်းနေထိုင်ရာနေရာများအတွက် သီးသန့်သဘောတူထားသော ပြည့်စုံသည့် နိုင်ငံတကာအဆင့် စံနှုန်းများ မရှိသေးပါ။ လူအများအပြား နေထိုင်ရန်အတွက် အဆောက်အဦများကို ပြုပြင်ရန် ခက်ခဲခြင်းကြောင့် ကျပ်ကျပ်တည်းတည်း

နေထိုင်ရခြင်းနှင့် သီးသန့်လုံခြုံမှု နည်းပါးခြင်းများ ပိုမိုဖြစ်ပွားလာတတ်ပါသည်။ ထိုအခြေအနေ များတွင် ရှင်းလင်းမှုမရှိသော စံနှုန်းများက မသေချာမရေရာမှုများကို ဖြစ်ပေါ်စေသောအခါ အချို့သော လုပ်ဆောင် သူများသည် အခြေအနေပေးပါက အရေးပေါ် စံနှုန်းများထက် သာလွန်အောင် ဖြည့်ဆည်းပေးရမည့် ၎င်းတို့၏ တာဝန် ဝတ္တရားများကို အလေးမထားခြင်းမျိုး ဖြစ်စေနိုင်ပါသည်။

**ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - ထိခိုက်နစ်နာမှုမရှိစေရ (Do No Harm) စည်းမျဉ်းနှင့်အညီ စံနှုန်း များအား ပြင်ဆင်ညှိနှိုင်းခြင်း**

၂၀၁၀ခုနှစ်တွင် ဟေတီနိုင်ငံ၊ ပို့ အော်ပရင့်စ်မြို့တော်၌ စခန်းများသည် လူနေ အလွန်ထူထပ်ကျပ်ညပ်ပါသည်။ ထို အခြေအနေမျိုးတွင် နေထိုင်စရာများသည် ဧရိယာ ၁၈ စတုရန်းမီတာ ရှိရမည်ဟု အတင်းအကျပ် ပြောဆိုပါက စခန်း တွင်းမှ ထွက်ခွာသွားရန် တောင်းဆိုခြင်း ခံရနိုင်ပါသည်။ ထို့ကြောင့် ပိုမိုသေးငယ်သော နေထိုင်စရာများအား ယာယီအားဖြင့် လက်သင့်ခံနိုင်ဖွယ်ရှိသည်ဟု မှတ်ယူရပါမည်။

## နေထိုင်စရာများ၏ အရွယ်အစား

Sphere ၏ နေထိုင်စရာနှင့် အခြေချနေရာ စံနှုန်း အမှတ် (၃) တွင် လူများသည် ဂုဏ်သိက္ခာရှိစွာ နေထိုင်နိုင်ရန်၊ အိမ်ထောင်စုတစ်ခု၏ အခြေခံလုပ်ငန်းဆောင်တာများ ဆောင်ရွက်နိုင်ရန်နှင့် အသက်မွေးဝမ်းကျောင်းမှုကို အထောက် အကူပြုနိုင်ရန်အတွက် လုံလောက်သော နေထိုင်စရာ ရှိသည့် နေရာတစ်ခု ရှိသင့်သည်ဟု သတ်မှတ် ထားပါသည်။

- ➔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် လူမှုရေးဆိုင်ရာ လှုပ်ရှားပြောင်းလဲမှုများ (social dynamics) အား လက်တွေ့ကျကျ သိရှိရန် လိုအပ်ပြီး ခြွင်းချက်များအတွက်လည်း ကြိုတင်ပြင်ဆင်ထားရပါမည်။
- ➔ နေထိုင်စရာအစီအစဉ်များနှင့် လူသုံးပစ္စည်း ဖြန့်ဝေမှုများသည် အဖေ၊ အမေနှင့် သားသမီးများသာ ပါဝင် သော မိသားစုဝင် လေးဦး သို့မဟုတ် ငါးဦးဖြင့် ဖွဲ့စည်းထားသည့် အနောက်တိုင်း မိသားစုပုံစံပေါ်တွင် အခြေခံထားနိုင်ပါသည်။ သို့သော် မိသားစု အရွယ်အစားများသည် သိသိသာသာ ကွဲပြားခြားနိုင်ပြီး အချိန် ကာလ ရွှေ့လျားလာသည်နှင့်အမျှလည်း ပြောင်းလဲနိုင်ပါသည်။ မိသားစုတစ်စုအတွက် နေထိုင်စရာ နေရာ တစ်ခု ပံ့ပိုးပေးသော နည်းလမ်းအား ပုံသေကျင့်သုံးနေမည်ဆိုပါက တစ်ဦးတည်း ရှိသူသည် မိသားစု ၁၂ ဦး နှင့် အရွယ်အစားတူ နေစရာနေရာတစ်ခုကို ရရှိသည့် အခြေအနေများသို့ ဦးတည်ရောက်ရှိသွားစေနိုင် ပါသည်။
- ➔ ဓလေ့ထုံးစံအများအပြားတွင် မျိုးဆက် သုံးလေးဆက် သို့မဟုတ် သားချင်းများ အတူတကွ နေထိုင်ကြသည့် မိသားစုပုံစံများကို အတွေ့ရများပြီး မြေယာ၊ အိမ်နှင့် အရင်းအမြစ်များကို မျှဝေသုံးစွဲလေ့ရှိကြပါသည်။ ဖြစ်နိုင်လျှင် ရွှေ့ပြောင်းနေထိုင်ရသော အခြေအနေ၌ ထိုမိသားစုများ၏ အပြန်အလှန် ပံ့ပိုးကူညီကာ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းသည့် နည်းလမ်းများအား တတ်နိုင်သမျှ ထိန်းသိမ်းထားသင့်ပါသည်။
- ➔ ဖနီး သုံးလေးဦးအား မိသားစုတစ်ခုတည်းတွင် တစ်ပြိုင်တည်း မှတ်ပုံတင်ထားသော မိသားစုများရှိပါက ရှုပ်ထွေးမှုများ ရှိလာနိုင်ပါသည်။ အကယ်၍ ၎င်းတို့အားလုံးအား တစ်အိမ်တည်းတွင် အတူနေခိုင်းပါက လူမှုရေးနှင့် သီးသန့်လုံခြုံမှုဆိုင်ရာ ကြီးမားသည့် ကိစ္စရပ်များ ပေါ်ပေါက်လာနိုင်ပါသည်။
- ➔ အချို့တိုင်းပြည်များတွင် ဘာသာရေးနှင့် ယဉ်ကျေးမှုအရ အသက်အရွယ်တစ်ခုအထက် အမျိုးသားနှင့် အမျိုးသမီး မိသားစုဝင်များ၏ နီးစပ်ပတ်သက်မှုအား အတိုင်းအတာတစ်ခုအထိသာ ခွင့်ပြုပါသည်။ ထို အချက်က နေထိုင်စရာနေရာများအား မည်သို့အသုံးပြုသည်ဟူသည့်အချက်အပေါ် သက်ရောက်မှုရှိနိုင် သဖြင့် အထူးသဖြင့် နေထိုင်စရာများအား ဒီဇိုင်းရေးဆွဲမှုနှင့် ခွဲဝေနေရာချထားမှုအဆင့်များတွင် ထိုအချက် ကို ထည့်သွင်းစဉ်းစားသင့်ပါသည်။
- ➔ လက်ထပ်မှုတစ်ခု သို့မဟုတ် ကွာရှင်းမှုတစ်ခု ဖြစ်ပွားရသည်မှာ မိသားစုများအား ၎င်းတို့ဆန္ဒရှိသည်ထက် ပိုမို နီးကပ်သော အနေအထားတွင် အတင်းအကြပ် နေခိုင်းခဲ့သောကြောင့် ဟူသော အဓိပ္ပါယ်ပင် ဖြစ်ပါ သည်။ ကွာရှင်းမှုတစ်ခု ဖြစ်ပါက အမျိုးသမီးနှင့် ကလေးများသည်ဟု အိုးမဲ့အိမ်မဲ့ ဖြစ်သွားနိုင်ခြေ အများဆုံးဖြစ်သဖြင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ ပါဝင်ဆောင်ရွက်မှု သို့မဟုတ် ပံ့ပိုးကူညီမှု လိုအပ်နိုင် ပါသည်။
- ➔ အချို့သော လူအုပ်စုများ၊ ဥပမာ မသန်စွမ်းသူများတွင် နေအိမ်ဒီဇိုင်းပုံစံ သို့မဟုတ် လက်လှမ်းမီ အသုံးပြုနိုင်မှုတွင် သီးခြား လိုအပ်ချက်များ ရှိနိုင်ပါသည်။

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - မိသားစုဖွဲ့စည်းပုံအား လေ့လာဆန်းစစ်ခြင်း

ဆီရာလီယွန်တွင် အချို့လူများသည် အိမ်ထောင်စုအသစ်တစ်ခုကို ထူထောင်ကာ ပိုမို အရွယ်အစားကြီးမားသော မိသားစု နေထိုင်စရာ ရရှိစေရန်အတွက် အိမ်ထောင်ပြုခဲ့ကြပါသည်။ ထိုအဖြစ်များသည် အမျိုးသမီးများအား အတင်း အကြပ် လက်ထပ်စေသော ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များကို ဖြစ်ပေါ်စေနိုင်ပါသည်။

ထိုသို့သော အခြေအနေမျိုးကို ရှောင်ရှားရန်အတွက် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် လူမှုဆက်ဆံရေးများနှင့် မိသားစု ဖွဲ့စည်းပုံများအား နီးကပ်စွာ လေ့လာဆန်းစစ်မှုများအား လုပ်ဆောင်ရပါမည်။

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - မိသားစုအရွယ်အစားနှင့်ကိုက်ညီသော နေထိုင်စရာ အရွယ်အစားများ

ဂါနာတွင် မြေနေရာနှင့် နေထိုင်စရာ ခွဲဝေပေးသော လုပ်ငန်းလမ်းညွှန်တစ်ခုအား ချမှတ်ကာ စခန်းဝန်ထမ်းများနှင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီတို့အား ပေးထားပါသည်။ မိသားစုများသည် ၎င်းတို့၏ မိသားစု အရွယ်အစားနှင့် ကိုက်ညီ သော အရွယ်အစားအမျိုးမျိုးရှိသည့် နေစရာနေရာများကို ရရှိကြပါသည်။ တစ်ဦးတည်းနေသူများနှင့် မိသားစုဝင် နှစ်ဦး သာရှိသော မိသားစုများအား အတူပေါင်းနေစေပြီး အနည်းဆုံး လူလေးဦးအတွက် မြေကွက်တစ်ကွက်နှင့် နေထိုင်စရာ တစ်နေရာကို ခွဲဝေပေးပါသည်။ လူ ငါးဦးနှင့် ခုနစ်ဦးကြား ရှိသော မိသားစုများသည် စံသတ်မှတ်ထားသော မြေနေရာ ၂၄ စတုရန်းမီတာနှင့် နေထိုင်စရာ တစ်ခုကို ရရှိပါသည်။ လူခုနစ်ဦးထက်ပိုသော မိသားစုများသည် နေထိုင်စရာနှင့် မြေကွက် နှစ်ခု သို့မဟုတ် ထို့ထက်ပို၍ ရရှိကြပါသည်။

## အိမ်အတွင်းပိုင်းတွင် အခန်းကန့်ပေးခြင်း

နေထိုင်စရာ နေရာတစ်ခုစီ၏ အတွင်းပိုင်းတွင် အခန်းကန့်ပေးသင့်ပါသည်။ အထူးသဖြင့် အမျိုးသားများ၊ အမျိုးသမီး များ သို့မဟုတ် ကလေးများသည် သီးခြားအခန်းများတွင် အိပ်လေ့ရှိသော ထုံးတမ်းစဉ်လာရှိသည့် ဒေသများတွင် ထိုသို့ ဆောင်ရွက်ပေးသင့်ပါသည်။ အချို့သော အခြေအနေများတွင် အရွယ်အစားကြီးမားသော မိသားစုများကို စုပေါင်းကာ အမျိုးသားများသပ်သပ်၊ အမျိုးသမီးများသပ်သပ် သီးခြားနေထိုင်စရာများတွင် စုအိပ်စေနိုင်ရန် သို့မဟုတ် အသက်အရွယ်အလိုက် ပိုင်းခြားကာ စုအိပ်စေနိုင်ရန် စီစဉ်ဆောင်ရွက်ပေးတတ်ပါသည်။

စုစည်းနေထိုင်ရာနေရာများနှင့် အခြားသော ကြီးမားသည့် စခန်းနေရာများတွင် နေရာကျယ်များအား ပိုင်းကန့်ကာ မိသားစုများ နေထိုင်ရန် နေရာချပေးခြင်းသည် အဓိကဆောင်ရွက်ရမည့် လုပ်ငန်းများထဲမှ တစ်ခုဖြစ်ပြီး အရွယ်အစား ကြီးမားသော မိသားစုများ စုပေါင်းနေထိုင်ကြခြင်းကို အားပေးသင့်ပါသည်။ စုစည်းနေရာ၏ အတွင်းပိုင်းတွင် အခန်း များ ဖွဲ့ပေးသည့်အခါ အိမ်ထောင်စုများနှင့် လူတစ်ဦးချင်းစီအတွက် နေရာများကို သီးခြားပိုင်းခြားပေးနိုင်အောင် ကြိုးပမ်းသင့်ပါသည်။ စုစည်းနေရာများတွင် အခန်းကန့်ရန် အသုံးပြုသောပစ္စည်းများသည် တတ်နိုင်သမျှ အသံလုံ စေသော ပစ္စည်းများဖြစ်ရန် လိုအပ်ပါသည်။ သို့မှသာ မိသားစုများသည် ကပ်လျက်နေသူများထံမှ သီးသန့်လုံခြုံမှု အတိုင်းအတာတစ်ခုအထိ ရရှိနိုင်မည်ဖြစ်ပါသည်။

## နေထိုင်စရာများနှင့် ထိခိုက်လွယ်မှု

စခန်းလူထုအတွင်းရှိ ထိခိုက်လွယ်သောအုပ်စုများအနေဖြင့် ၎င်းတို့၏ နေထိုင်စရာများအား တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့အတွက် သီးခြားကူညီပံ့ပိုးမှုများ လိုအပ်ပါသည်။ ထိုသို့ ကူညီပေးရန် လိုအပ်သည့်လူများအား ရွေးချယ်ရာတွင် ဖယ်ချန်ခံထားရသူများ မရှိစေရန်အတွက် စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ ဂရုတစိုက် စောင့်ကြည့် ကြပ်မတ်ပေးသင့်ပါသည်။ ၎င်းတို့၏ သီးခြားလိုအပ်ချက်များအား အလေးထားကာ စောင့်ကြည့်ကြပ်မတ်ပေးရန် အရေးကြီးပါသည်။ အောက်ပါတို့ကို ဆောင်ရွက်နေစဉ်အတွင်း ၎င်းတို့အား ပံ့ပိုးကူညီပေးနိုင်သည့် လမ်းညွှန်များအား ချမှတ်ပေးသင့်ပါသည်။

- ➔ နေထိုင်စရာပစ္စည်းများသည် လေးလံတတ်သဖြင့် ထိုပစ္စည်းများအား နေရာချပေးထားသော မြေကွက်များ သို့ ဖြန့်ဝေပေးခြင်းနှင့် သယ်ယူပေးခြင်း

➔ ခွန်အားစိုက်ထုတ်လုပ်ဆောင်ရန် လိုအပ်သည့် နေထိုင်စရာများ တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများ

ထိခိုက်လွယ်သောအုပ်စုများအား ကူညီပံ့ပိုးပေးမှုကို စေတနာ့ဝန်ထမ်းများ၊ နေထိုင်စရာကော်မတီများ သို့မဟုတ် ငှားရမ်းထားသော အလုပ်သမားများနှင့် ပူးပေါင်းညှိနှိုင်းကာ ဆောင်ရွက်ပေးနိုင်ပါသည်။

## နေထိုင်စရာ ကူညီပံ့ပိုးမှု အမျိုးအစားများ

စခန်းများရှိ နေထိုင်စရာ ပံ့ပိုးမှု အမျိုးအစားအချို့အား အောက်တွင် ဖော်ပြထားပါသည်။ အခြေအနေပေါ် မူတည်ကာ ကူညီပံ့ပိုးပေးမည့် နေထိုင်စရာအမျိုးအစားများကို ရွေးချယ်ရပါမည်။ ဥပမာ ပစ္စည်းများအား ဒေသတွင်းမှ မရရှိနိုင် သောအခါမျိုးတွင် ထိုပံ့ပိုးမှုပုံစံများအား ပေါင်းစပ်ပံ့ပိုးပေးရန် လိုအပ်ကောင်း လိုအပ်နိုင်ပါသည်။ လူများသည် နေထိုင် စရာနေရာပြဿနာအား စခန်းပြင်ပတွင် ၎င်းတို့ဖာသာ ဖြေရှင်းကောင်းဖြေရှင်းနိုင်ပါသည်။ ဥပမာ - ငှားရမ်းခြင်း၊ လက်ခံနေရာပေးသည့် မိသားစုများနှင့်အတူ နေထိုင်ခြင်းနှင့် အခြားသော အစီအစဉ်များ ဖြစ်ပြီး ထိုနည်းလမ်းများ အတွက်လည်း တတ်နိုင်သမျှ ကူညီပံ့ပိုးပေးသင့်ပါသည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းလူထုနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ကော်မတီများ ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ပြီး နေထိုင်စရာ လိုအပ်ချက်များအား စောင့်ကြည့်ကြပ်မတ်ရန်၊ နေထိုင်စရာဆောက်လုပ်မှုနှင့် ပစ္စည်းဝေငှမှုများအား ကြီးကြပ်ရန်နှင့် မီးလောင်ခြင်း၊ ရေကြီးခြင်းနှင့် အခြားသော ကပ်ဘေးများအတွက် ပြင်ဆင်ရန်နှင့် ရင်ဆိုင်ဖြေရှင်းရန် တို့အတွက် စခန်းလူထုအား သင်တန်းများပေးသင့်ပါသည်။

➔ ခေါင်မိုးနှင့် အကာအရံများ

- ပလတ်စတစ်စများ - ရာသီဥတုဒဏ်မှ ကာကွယ်ရန်အတွက် အရေးပေါ်အသုံးပြုသော ပလတ်စတစ် စ များအား ရွက်ဖျင်တဲ ကဲ့သို့သော နေထိုင်စရာနေစရာများ ပြုလုပ်ရန် သို့မဟုတ် ရှိနေသော အဆောက် အဦများအား လုံအောင်ပိတ်ရန် သို့မဟုတ် နေရာပိုင်းခြားရန် အသုံးပြုနိုင်ပါသည်။ အရည်အသွေး ပို ကောင်းသော ပလတ်စတစ်စများကို ပံ့ပိုးပေးရန် တောင်းဆိုမည်ဆိုပါက အချိန်မှန် အစားထိုး လဲလှယ် ပေးရမှုကို လျော့နည်းစေနိုင်ပါသည်။
- ရွက်ဖျင်တဲများ - ပလတ်စတစ်စများကဲ့သို့ပင် ရွက်ဖျင်တဲများအား အရေးပေါ်အဆင့်များတွင် အဓိက အားဖြင့် အသုံးပြုပြီး ယင်းတို့၏ သက်တမ်းမှာလည်း အကန့်အသတ်ရှိပါသည်။

➔ လူသုံးပစ္စည်းများ ပံ့ပိုးကူညီမှု (NFIs)

- အဝတ်အထည်များ၊အိပ်ရာလိပ်များနှင့်အခြားသောလူသုံးပစ္စည်းများ-လူတို့၏လိုအပ်ချက်များကိုဖြည့်ဆည်းပေးရန်အတွက် အရေးအကြီးဆုံးသောပစ္စည်းများ ဖြစ်ပါသည်။ စခန်းလူထုကြား မကျေနပ်မှု များ လျော့နည်းစေရန်အတွက် စခန်းစီမံခန့်ခွဲ မှုအေဂျင်စီများသည် ဖြန့်ဝေမည့်ပစ္စည်းများ၏ အရည် အသွေးနှင့်ပတ်သက်၍ စခန်းအတွင်းနှင့် အနီးဝန်းကျင်မှ ရပ်ရွာလူထု၊ ပစ္စည်းဖြန့်ဝေသည့် အဖွဲ့အစည်း များနှင့် ညှိနှိုင်းကာ တစ်ပြေးညီသတ်မှတ်ရန် ရည်ရွယ်ဆောင်ရွက်သင့်ပါသည်။ ဈေးများရှိပြီး ပံ့ပိုး ဆောင်ရွက်ပေးနိုင်စွမ်းရှိသောနေရာများတွင် ကူပွန်လက်မှတ်များ သို့မဟုတ် ငွေသားများကို ပံ့ပိုးပေးနိုင် သည့် နည်းလမ်းများလည်း ရှိပါသည်။

**နေထိုင်စရာနှင့်ဆိုင်သော ပစ္စည်းများ ဖြန့်ဝေခြင်း**

ပလတ်စတစ်စများနှင့် တပ်ဆင်ပစ္စည်းများကဲ့သို့သော နေထိုင်စရာနှင့်ဆိုင်သောပစ္စည်းများ ဖြန့်ဝေပေးခြင်းသည် အခြေအနေ နှင့် ပစ္စည်းအရည်အသွေးပေါ်တွင် မူတည်ပါသည်။ အကယ်၍ လူများအား ၎င်းတို့၏ နေထိုင်စရာများကို အဆင့်မြှင့်တင်ရန် ခွင့်ပြုမထားလျှင် သို့မဟုတ် ဆောင်ရွက်နိုင်စွမ်းမရှိလျှင် နေထိုင်စရာနှင့်ဆိုင်သောပစ္စည်းများအား ၁၂ လ တစ်ကြိမ် သို့မဟုတ် ထို့ထက်ပို၍ အကြိမ်များများ ဖြန့်ဝေပေးရပါမည်။

☛ အစားအစာ နှင့် လူသုံးပစ္စည်းများ ဖြန့်ဝေခြင်းအကြောင်း ထပ်မံသိလိုသည်များ ရှိပါက - အခန်း (၁၃) စားနပ်ရိက္ခာ ဖူလုံရေးနှင့် လူသုံးပစ္စည်းများ - ကို ကြည့်ပါ။

အောက်ပါတို့ကို ဆောင်ရွက်ရန် အရေးကြီးပါသည်။

➔ ပစ္စည်းများ၊ ဆောက်လုပ်ရေးအဖွဲ့များ၊ ငွေကြေး သို့မဟုတ် အခြားနည်းလမ်းများဖြင့် ၎င်းတို့၏ နေထိုင်စရာ များအား ထိန်းသိမ်း

ပြင်ဆင်ကာ ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုလုပ်နိုင်ရန် လူများအား ပံ့ပိုးကူညီပေးခြင်း

- ပစ္စည်းများ ဖြန့်ဝေပေးခြင်းထက် ဖြစ်နိုင်ပါက စခန်းလူထုမှ သတ်မှတ်ထားသော ကုန်သည်များထံတွင် ပစ္စည်းများနှင့် လဲလှယ်ယူနိုင်သော ကူပွန်လက်မှတ်များကို အသုံးပြုခြင်း။ ဤနည်းဖြင့် ၎င်းတို့နေထိုင်သော နေရာများကို တည်ဆောက်ရန်အတွက်အမှန်တကယ်လိုအပ်သည်များကိုရရှိနိုင်စေပါသည်။ သို့သော်ထိုအစီအစဉ်များသည်ကုန်သည်များ၏ အရည်အသွေးပေါ်တွင် အားထားရပြီး တစ်ဆင့်ခံ ငွေကြေးတစ်ခု (secondary currency) ပေါ်ပေါက်လာနိုင်ပါသည်။
- ပစ္စည်းများ ဖြန့်ဝေပေးခြင်းအစား ငွေသားဖြန့်ဝေခြင်းကို အသုံးပြုရန်နှင့် ဒေသတွင်းမှ ခေါ်ယူခန့်ထားသော အလုပ်သမားများ အတွက် လစာပေးရန် စဉ်းစားခြင်း။ ငွေသားပေးခြင်းဖြင့် လူများသည် ၎င်းတို့ လိုအပ်ချက်ကို သတ်မှတ်ဖော်ထုတ်နိုင်ပြီး ရယူနိုင်မည်ဖြစ်သည်။ ပုံစံတကျ ဖွဲ့စည်းထားသော စခန်းများ သို့မဟုတ် မြို့ပြစခန်းများတွင် နေထိုင်သူများထက် တစ်စုတစ်စည်းတည်း မဟုတ်သော ကဲပြန့်နေသော လူအုပ်စုများ အတွက် နေထိုင်စရာ ပံ့ပိုးပေးမှုတွင် ငွေသားပေးခြင်းကို ပိုမိုအသုံးများပါသည်။
- ငှားရမ်းနေထိုင်ရန် ပံ့ပိုးပေးခြင်း၊ ဥပမာ စုစည်းနေထိုင်ရာနေရာငယ်များ သို့မဟုတ် အခြေချနေထိုင်ရာ နေရာများ။ စခန်းများထက် ကဲပြန့်နေသော အခြေချရာနေရာများတွင် ငှားရမ်းနေထိုင်ရန် ပံ့ပိုးပေးခြင်းကို ပိုမို အသုံးများပါသည်။
- ရွှေ့ပြောင်းနေထိုင်သူများအတွက် သို့မဟုတ် ၎င်းတို့ကိုယ်တိုင် နေထိုင်စရာကို တည်ဆောက်ကြသည့်အခါ အသုံးများသော ဆောက်လုပ်ရေးပစ္စည်းများအား ပံ့ပိုးပေးခြင်း
- လူများ စခန်းများမှ ထွက်ခွာသောအခါ ကူပွန်လက်မှတ်များ သို့မဟုတ် ငွေသားများကဲ့သို့သော နေရပ်ပြန် ပံ့ပိုးပစ္စည်းများကို ထပ်ဆောင်းပံ့ပိုးပေးခြင်း
- ယာယီအိမ်များ ဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ သင်တန်းအစီအစဉ်များ ကျင်းပပေးခြင်း။ ထိုသင်တန်းများ တွင် ဆောက်လုပ်ရေး နည်းစနစ်များအပြင် မီးဘေးနှင့် ရေကြီးမှုအန္တရာယ် ဖြစ်နိုင်ခြေများနှင့် ရွက်ဖျင်တဲ တပ်ဆင်ပုံများလည်း ထည့်သွင်းသင်ကြားပေးနိုင်ပါသည်။

### နေထိုင်စရာ ဒီဇိုင်းအပေါ် သက်ရောက်နိုင်သော အချက်များ

နေထိုင်စရာ ဒီဇိုင်းသည် ကိစ္စရပ်အများအပြားပေါ်တွင် မူတည်နေပါသည်။ ဥပမာ -

- မိုးလေဝသအခြေအနေ ပြောင်းလဲမှုများနှင့် ယင်းနှင့်ဆက်နွယ်သော ဘေးအန္တရာယ်များအပါအဝင် ဒေသ၏ ရာသီဥတု အခြေအနေ
- လူများ၏ လိုအပ်ချက်
- လူများ၏ ဆောက်လုပ်နိုင်မှု စွမ်းရည်
- ရရှိနိုင်သော ပစ္စည်းအမျိုးအစားများနှင့် ပမာဏများ၊ ယင်းတို့အား ရယူရာတွင် ဆက်နွယ်နေသော သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အရေးကိစ္စများ
- ရရှိနိုင်သော ရန်ပုံငွေများ
- ရွှေ့ပြောင်းနေထိုင်မှု၏ ကြိုတင်မှန်းဆထားသော သို့မဟုတ် လက်တွေ့ကျသော သတ်မှတ်ကာလ
- ရွှေ့ပြောင်းနေထိုင်သူများ၏ လူဦးရေဆိုင်ရာနှင့် ဓလေ့ထုံးစံဆိုင်ရာ စံသတ်မှတ်ချက်များ
- ရွှေ့ပြောင်းနေထိုင်သူများအား လက်ခံနေရာပေးထားသည့် လူထုများ နေထိုင်နေသည့် အဆောက်အဦ အမျိုးအစားများ

### ကိုယ်တိုင်ရင်ဆိုင်ဖြေရှင်းနိုင်သည့် နည်းလမ်းများကို ကျင့်သုံးနိုင်ရန် အားပေးခြင်း

ကူညီထောက်ပံ့မှုများ လိုအပ်နေသော လူပုဂ္ဂိုလ်များ သို့မဟုတ် လူအုပ်စုများပင်လျှင် ခိုကိုးရာမဲ့များမဟုတ်ကြသည်ကို မမေ့လျော့သင့်ပါ။ ရွှေ့ပြောင်းနေထိုင်ရသူများသည် ၎င်းတို့၏ နေအိမ်များနှင့် ပိုင်ဆိုင်မှုများကို ဆုံးရှုံးကောင်းဆုံးရှုံးသွားပါမည်။ သို့သော် ၎င်းတို့၏ ကျွမ်းကျင်မှုများနှင့် အတွေ့အကြုံများကိုမူ ဆုံးရှုံးမသွားပါ။ သီးခြားလိုအပ်ချက် ရှိသူများ အပါအဝင် လူအုပ်စုများအားလုံးကို ၎င်းတို့ကိုယ်တိုင် ရင်ဆိုင်ဖြေရှင်းနိုင်သော နည်းလမ်းများအား ကျင့်သုံးရန် ပံ့ပိုးကူညီပေးပြီး အသင့်လျော်ဆုံး နည်းလမ်းများ ဖြစ်စေရန် ဂရုပြု ဆောင်ရွက်ပေးရပါမည်။

☛ သီးခြားလိုအပ်ချက်ရှိသူများအား ကာကွယ်စောင့်ရှောက်ခြင်းနှင့်ပတ်သက်၍ ထပ်မံသိလိုသည်များ ရှိပါက - အခန်း (၁၁) သီးခြားလိုအပ်ချက်ရှိသူများအား ကာကွယ်စောင့်ရှောက်မှု - တွင် ကြည့်ပါ။

## ဆောက်လုပ်ရေးလုပ်ငန်းများအား စီမံခန့်ခွဲမှု

ရှိနှင့်ပြီးသော အဆောက်အဦများကို အဆင့်မြှင့်တင်ခြင်းတွင်ဖြစ်စေ၊ နေထိုင်စရာများ၊ ကျောင်းများ၊ ဆေးခန်းများ သို့မဟုတ် နည်းပညာရပ်ဆိုင်ရာ အခြေခံအဆောက်အအုံများကို ဆောက်လုပ်ပေးခြင်းတွင်ဖြစ်စေ ဆောက်လုပ်ရေး လုပ်ငန်းများအားလုံးကို ကြီးကြပ်ပေးရန်အတွက် သင့်တော်သော အရည်အသွေးပြည့် နည်းပညာဝန်ထမ်းများ လိုအပ်ပါသည်။ နေထိုင်စရာအစီအစဉ်များအား စီစဉ်ဆောင်ရွက်ခန့်ခွဲရန်အတွက် နည်းစနစ်များ ရွေးချယ်ရာတွင် ရွှေ့ပြောင်းနေထိုင်သောလူထုနှင့် အနီးဂန်းကျင်မှ လက်ခံနေရာပေးထားသော လူထုများ ပါဂင်သည့် ဦးတည်အုပ်စုများနှင့် နေထိုင်စရာဆိုင်ရာ စခန်းကော်မတီများ ဖွဲ့စည်း၍ ဆောင်ရွက်သင့်ပါသည်။ စခန်းများတွင် နေထိုင်စရာ အစီအစဉ် များအား ဆောင်ရွက်သည့် မူဝါဒများနှင့် နည်းလမ်းများသည် ရွှေ့ပြောင်းနေထိုင်မှု၏ သဘာဝ၊ နိုင်ငံအာဏာပိုင်များ၏ မူဝါဒများ၊ ဒေသအခြေအနေ၊ ဆောက်လုပ်ရေးပစ္စည်းများ ရရှိနိုင်မှု၊ ဒေသ၏ ဆောက်လုပ်ပုံနည်းလမ်းများ၊ အရည် အသွေးပြည့်ဂသော ဂန်ထမ်းများ ရရှိနိုင်မှုနှင့် ရွှေ့ပြောင်းနေထိုင်သူများနှင့် အနီးဂန်းကျင်မှ လူထု၏ ကျွမ်းကျင်မှုများ ပေါ်တွင် မူတည်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် နေထိုင်စရာအစီအစဉ်များအား အကောင်အထည်ဖော်ရာတွင် ရွေးချယ်နိုင်သည့် နည်းလမ်းအမျိုးမျိုးကို သိရှိထားသင့်ပါသည်။ အချို့ကို အောက်တွင် ဖော်ပြထားပါသည်။

### တိုက်ရိုက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

နေထိုင်စရာများအတွက် တာဂန်ရှိသော အဖွဲ့အစည်းသည် ဆောက်လုပ်ရေးလုပ်ငန်းစဉ်၊ အလုပ်သမားများ ခန့်ထားမှု နှင့် ကြီးကြပ်မှုများကို တိုက်ရိုက်စီမံခန့်ခွဲပါသည်။ ထိုသို့စီမံခန့်ခွဲရန်အတွက် ဂန်ထမ်း စီမံအုပ်ချုပ်မှုအတွက် ပေးရသည့် အချိန်နှင့် လုပ်ငန်း၏ အပိုင်းကဏ္ဍများအားလုံးကို စောင့်ကြည့်စစ်ဆေးနိုင်သော အရည်အသွေးပြည့်ဂသည့် ကြီးကြပ်ရေးမှူးများ အလုံ အလောက်ရှိရန် လိုအပ်ပါသည်။ ထိုသို့သော အစီအစဉ်များတွင် နေထိုင်သူများ၏ ကိုယ်ပိုင်အဖြစ် ခံယူမှု မဖြစ်ပေါ်နိုင်စေပါ။ အဘယ် ကြောင့်ဆိုသော် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အဓိက တာဂန်ခံရမည့်သူမှာ အကောင်အထည်ဖော်သည့် အဖွဲ့အစည်းသာ ဖြစ်သည်ဟု ၎င်းတို့က ခံယူထားသောကြောင့် ဖြစ်ပါသည်။

### သဘောတူစာချုပ်ဖြင့် ငှားရမ်းလုပ်ကိုင်စေခြင်း

နေထိုင်စရာအတွက် တာဂန်ရှိသော အဖွဲ့အစည်းသည် ဂန်ထမ်းခန့်ထားခြင်းနှင့် ပစ္စည်းဂယ်ယူမှုများ အပါအဂင် နေထိုင် စရာပံ့ပိုးမှုလုပ်ငန်း၏ အပိုင်းကဏ္ဍများအားလုံးကို တာဂန်ယူလုပ်ဆောင်ရန်အတွက် သဘောတူစာချုပ် ချုပ်ဆို လုပ်ကိုင်သော အဖွဲ့အစည်း သို့မဟုတ် မိတ်ဖက်အဖွဲ့အစည်းတစ်ခုအား တာဂန်ပေးနိုင်ပါသည်။ သဘောတူစာချုပ်ဖြင့် လုပ်ကိုင်သူများ၏ ဆောက်လုပ်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီခြင်း ရှိမရှိ စောင့်ကြည့်ကြီးကြပ်ရန်နှင့် ကြိုတင်သဘောတူညီထားသော ဆောက်လုပ်ရေးအဆင့်များ၊ ဥပမာ - အုတ်မြစ်၊ ပြတင်းပေါက်၊ တံခါးပေါက်နှင့် ခေါင်မိုးတို့ ပြီးစီးချိန်တွင် တစ်ဆင့်ပြီးတစ်ဆင့် စစ်ဆေးအတည်ပြုပေးရန်အတွက် ကျွမ်းကျင်သောဂန်ထမ်းများကိုပါ ငှားရမ်းခန့်ထားရန်လည်း လိုအပ်ပါသည်။ ဤနည်းတွင်လည်း စခန်းလူထု ပါဂင်ဆောင်ရွက်နိုင်သော အခွင့်အလမ်း နည်းပါးသည့်အတွက် ကိုယ်ပိုင်အဖြစ်ခံယူမှု မဖြစ်ပေါ်နိုင်ပါ။ စာချုပ်နှင့် ငှားရမ်းလုပ်ကိုင်သူများအနေဖြင့် ပစ္စည်းများ သို့မဟုတ် လုပ်အားများကို ရယူအသုံးပြုရာတွင် ကျင့်ဂတ်ဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားပေးမည် မဟုတ် ပါ။

### ကိုယ်တိုင်တည်ဆောက်ခြင်း သို့မဟုတ် လူထုမှ ဦးဆောင်ဦးရွက်ပြု တည်ဆောက်မှုများ

လူများသည် ၎င်းတို့၏ နေထိုင်စရာများကို ကိုယ်တိုင်တည်ဆောက်ကြသောအခါ လုပ်ခပေး၍ဖြစ်စေ၊ မပေးဘဲ ဖြစ်စေ၊ ငွေသားဖြင့်ဖြစ်စေ သို့မဟုတ် ရိက္ခာထောက်ပံ့ပေး၍ ဖြစ်စေ၊ လုပ်ဆောင်နိုင်စွမ်းနှင့် နေထိုင်စရာ၏ တည်ဆောက်ရန် ရှုပ်ထွေးခ က်ခဲမှုအတိုင်းအတာများပေါ်တွင် မူတည်လုပ်ဆောင်ကြရပါသည်။ ဤနည်းစနစ်သည် အစဉ်အလာ ဆောက် လုပ်နေကျဖြစ်သည့် ရိုးရှင်းသော နေထိုင်စရာ ဒီဇိုင်းများနှင့် မိမိတို့၏နေထိုင်စရာများကို ကိုယ်တိုင်ဆောက်လုပ်လေ့ ရှိသော လူမှုအဖွဲ့အစည်းများအတွက်

အထူးပင် ထိရောက်မှု ရှိပါသည်။ သံကူကွန်ကရစ်အသုံးပြုသည့် ဆောက်လုပ်မှု များကဲ့သို့ လူထုထဲတွင် မည်သို့ ဆောက်လုပ်ရမည် ဆိုသည်ကို သိရှိသူအနည်းငယ်မျှသာ ရှိနိုင်သည့် ရှုပ်ထွေးခက်ခဲ သော အဆောက်အဦများအတွက် မသင့်တော်ပါ။ ကြီးကြပ်မှုနှင့် ကူညီပံ့ပိုးမှုများ လိုအပ်ပြီး ထိခိုက်လွယ်သော စခန်း လူထုအား သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ကူညီထောက်ပံ့ပေးခြင်းများ ပြုလုပ်ရန် အလွန်အရေးကြီးပါသည်။

ကိုယ်တိုင်ဆောက်လုပ်စေသော အစီအစဉ်များကို ရေးဆွဲသောအခါတွင် ထုံးတမ်းစဉ်လာ သတ်မှတ်ထားရှိသော ဆောက်လုပ်ရေးလုပ်ငန်းများနှင့် စပ်လျှဉ်းသည့် ကျားမ လူမှုကဏ္ဍများနှင့် ထိုအခန်းကဏ္ဍများသည် စခန်းကဲ့သို့သော အခြေအနေ များတွင် ရွှေ့ပြောင်းနေထိုင်ရစဉ်အတွင်း မတူညီသော ဦးစားပေးကိစ္စရပ်များနှင့် အခြေအနေများက သက်ရောက်မှု ရှိနိုင်သည့် ဓလေ့ထုံးစံ အကြောင်းအချက်များကို ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။ အမျိုးသမီးများ သည် သောက်သုံးရေ ခပ်ပေးရခြင်းကဲ့သို့ မိသားစုတာဝန်များနှင့် ပိနေတတ်ပြီး ဆောက်လုပ်ရေးတွင် ပါဝင်ဆောင်ရွက် ရန် ခက်ခဲနိုင်ပါသည်။ တစ်ချိန်တည်းတွင် နေထိုင်စရာအေဂျင်စီများသည် အမျိုးသားများအား ဆောက်လုပ်ရေးဆိုင်ရာ တာဝန်များကို ပေးအပ်နိုင်ပါသည်။ ထို့ကြောင့် ထုံးတမ်းစဉ်လာရှိနေသော ကျားမ မညီမျှမှုများကို အားဖြည့်ပေးရာ ရောက်သည့် လုပ်ဆောင်မှုများကို ရှောင်ရှားကာ အမျိုးသား၊ အမျိုးသမီး မျှမျှတတဖြင့် တက်ကြွစွာ ပါဝင် ဆောင်ရွက် နိုင်အောင် ဂရုပြုလုပ်ဆောင်ပေးရပါမည်။

စုစည်းနေထိုင်ရာနေရာများသည် အဆောက်အဦ၏ လုံခြုံရေးအတွက် ဗိသုကာအင်ဂျင်နီယာများ၏ စစ်ဆေးသုံးသပ်မှု လိုအပ်သော အရွယ်အစားကြီးမားသည့် အဆောက်အဦများ ဖြစ်နိုင်ပါသည်။ အထူးသဖြင့် သဘာဝ ဘေးအန္တရာယ် ကျရောက်လွယ်သောနေရာဒေသများတွင်ဗိသုကာပညာရှင်၏အကူအညီပို၍လိုအပ်ပါသည်။ရှိနှင့်ပြီးသောအဆောက်အအုံများကို အသုံးပြုရခြင်းကြောင့် လိုအပ်ချက်အညီ ပြင်ဆင်ဆောက်လုပ်မှုများ ပြုလုပ်ရန် အခက်အခဲ ရှိသည့်အတွက် သင့်တော်သော နေထိုင်စရာများ ပံ့ပိုးပေးနိုင်ဖို့ဆိုသည်မှာ စိန်ခေါ်မှု တစ်ရပ်ဖြစ်လာနိုင်ပါသည်။

### ဆောက်လုပ်ရေးကျွမ်းကျင်ပညာရှင်များအား အသုံးပြုခြင်းနှင့် စီမံအုပ်ချုပ်ခြင်း

နေထိုင်စရာပံ့ပိုးရေးဆိုင်ရာ အချို့သောလုပ်ငန်းများအတွက် နည်းပညာကျွမ်းကျင်သူများ လိုအပ်ကောင်း လိုအပ်နိုင်ပါ သည်။ နေထိုင်စရာများအတွက် လုံခြုံရေးကို ထိခိုက်နိုင်သည်ဟု သံသယရှိသော နည်းပညာကိစ္စရပ်တစ်ခု ပေါ်ပေါက် လာပါက စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် သင့်တော်သော ကျွမ်းကျင်ပညာရှင်၏ အကြံဉာဏ်ကို တောင်းခံရပါမည်။ အထူးသဖြင့် အထပ်များစွာပါဝင်သော အဆောက်အဦများ နှင့် ကြီးမားသော စုစည်းနေထိုင်ရာနေရာများနှင့် စပ်လျဉ်း သည့် ကိစ္စများ တွင် ဖြစ်ပါသည်။

နေထိုင်စရာအစီအစဉ်တစ်ခု၏ အဆင့်အမျိုးမျိုးတွင် နည်းပညာကျွမ်းကျင်သူ အမျိုးမျိုးကို လိုအပ်နိုင်ကြောင်း သိရှိ ထားရပါမည်။ နေထိုင်စရာ အစီအစဉ်များအတွက် အသုံးအများဆုံး ကျွမ်းကျင်ပညာရှင်များတွင် အောက်ပါတို့ ပါဝင်ပါ သည်။

လမ်းများ၊ စခန်းနေရာရှိ အခြေခံအဆောက်အအုံများနှင့် အိမ်ရာအဆောက်အဦများကဲ့သို့သော ဆောက်လုပ်မှုများ အား ဒီဇိုင်းရေးဆွဲမှု၊ ဆောက်လုပ်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုတို့ကို ဆောင်ရွက်မည့် ဗိသုကာ အင်ဂျင်နီယာများ။ ထို အင်ဂျင်နီယာများသည် အဆောက်အဦများ၏ ဒီဇိုင်းပုံစံများနှင့် လေ့လာဆန်းစစ်မှုများကို ဘေး အန္တရာယ်ကင်းရှင်းရေး ရှုထောင့်မှ ဆောင်ရွက်ကြပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းများအား အစီအစဉ်နှင့် ဒီဇိုင်းရေးဆွဲမှု၊ စောင့်ကြည့်စစ်ဆေးမှုများအတွက် လေ့ကျင့်သင်တန်း ပေးထားသော ဗိသုကာပညာရှင်များ

ဆောက်လုပ်ရေးစရိတ်များနှင့် သဘောတူစာချုပ်များနှင့် စပ်လျဉ်းသည့် အရေအတွက် စစ်တမ်းကောက်သူများ (quantity surveyors)

ဆောက်လုပ်ရေးစီမံချက်တစ်ခုအား အစီအစဉ်ရေးဆွဲမှု၊ ညှိနှိုင်းဆောင်ရွက်မှုနှင့် ထိန်းချုပ်ကွပ်ကဲမှုအတွက် တာဝန်ရှိ သော ဆောက်လုပ်ရေးမန်နေဂျာများ

အစီအစဉ်တစ်ခုတွင် ထိုသို့သော ကျွမ်းကျင်လိမ္မာမှုအားလုံးကို လိုအပ်ချင်မှ လိုအပ်မည်ဖြစ်သော်လည်း ထိုကျွမ်းကျင်မှုများ လိုအပ်လာနိုင်ကြောင်းကိုမူ သိရှိထားရန် လိုအပ်ပါသည်။ ဥပမာ ကျွမ်းကျင်ဝန်ထမ်းများအား အောက်ပါ အချိန် ကာလများတွင် လိုအပ်လာနိုင်ပါသည်။

- နေထိုင်စရာအစီအစဉ်များ ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်ကြီးကြပ်စဉ်အတွင်း
- ပိုမိုရေရှည်အသုံးခံသော နေထိုင်စရာများ၊ ရှိနှင့်ပြီးသား အဆောက်အဦများ သို့မဟုတ် ကြီးမားသော အခြေခံအဆောက်အအုံများအား အဆင့်မြှင့်တင်မှုများအတွက် အသေးစိတ်ဆောက်လုပ်ရေး စီမံချက်များ သို့မဟုတ် ဆောက်လုပ်ရေးအစီအစဉ်များ ရေးဆွဲသောအခါ။ ဒေသခံ ဆောက်လုပ်ရေးလုပ်ငန်းများမှ ရေးဆွဲ ထားသော ဒီဇိုင်းပုံစံအတိုင်း ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ စစ်ဆေးရန်
- ကြီးကြပ်ရေးမှူးတစ်ဦးမှ ဆောက်လုပ်ရေးသဘောတူစာချုပ်များအား စောင့်ကြည့်ကြပ်မတ်မှုနှင့် စစ်ဆေးမှုများကို ကူညီဆောင်ရွက်ပေးသောအခါ

### အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာများ

ကုန်ပစ္စည်းများကို အသုံးပြုသော၊ လူများကို သဘောတူစာချုပ်ဖြင့် ငှားရမ်းလုပ်ကိုင်စေသော သို့မဟုတ် ပစ္စည်းများ ဖြန့်ဝေပေးသောနေရာများတွင် အဂတိလိုက်စားမှုပြဿနာသည် အစဉ်အမြဲ ရှိနေတတ်ပါသည်။ စခန်းကော်မတီများ ဖွဲ့စည်းခြင်းမှစ၍ စခန်းလူထု ရွေးချယ်မှတ်ပုံတင်စာရင်းသွင်းခြင်းအထိ စခန်းတွင်းရှိ အပိုင်းကဏ္ဍများ အားလုံးတွင် ဖြစ်ပေါ်နိုင်ပါသည်။ နေထိုင်စရာအစီအစဉ် ရေးဆွဲအကောင်အထည်ဖော်ရာတွင် ထိုကိစ္စအား နေထိုင်စရာ ပံ့ပိုးပေး သည့် အေဂျင်စီနှင့်အတူ လက်တွဲကာ ကိုင်တွယ်ဖြေရှင်းသင့်ပါသည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာ အချို့မှာ -

- တားမြစ်မှု - ပြစ်ဒဏ်များ သတ်မှတ်ထားရှိခြင်းဖြင့် အဂတိလိုက်စားသည့် အပြုအမူများအား တားမြစ်ခြင်း။ ရှိနှင့်ပြီးသား ဥပဒေစနစ်များနှင့် စခန်းတွင်း စုံစမ်းစစ်ဆေးမှု၊ အလုပ်ဖြုတ်မှု ယန္တရားများကို အသုံးပြုခြင်း။
- အဂတိလိုက်စားနိုင်သည့် အခွင့်အလမ်းများ ပေါ်ပေါက်မလာစေရန် ကာကွယ်စောင့်ရှောက်မှု စနစ်များနှင့် လုပ်ထုံးလုပ်နည်းများအား အသုံးပြုကာ ကာကွယ်ခြင်း။ ထိုစနစ်များတွင် ထောက်ပံ့ပို့ဆောင်မှုနှင့် စာရင်း ကိုင်စနစ်များ၊ တင်ဒါခေါ်ယူသည့် လုပ်ထုံးလုပ်နည်းများ၊ စာရင်းစစ်ခြင်းနှင့် စောင့်ကြည့်ကြပ်မတ်ခြင်း၊ စီမံ အုပ်ချုပ်မှု လုပ်ထုံးလုပ်နည်းများ ပါဝင်နိုင်ပါသည်။
- လက်သင့်ခံစေမှု - ယင်းသည် လူသားချင်းစာနာထောက်ထားမှုအေဂျင်စီများအပေါ် ၎င်းတို့က ဝန်ဆောင်မှု ပေးနေသော လူမှုအသိုင်းအဝိုင်းများ၏ သဘောထားအမြင်များနှင့် ဆက်နွယ်နေပြီး သတင်းအချက်အလက် များပေးခြင်းနှင့် စခန်းလူထုကို ပိုမိုပါဝင်ဆောင်ရွက်စေခြင်းဖြင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများအတွက် ဒေသခံတို့၏ ပံ့ပိုးမှုများကို ရယူသည့် မဟာဗျူဟာများ ပါရှိပါသည်။ ယင်းသည် အဂတိလိုက်စားမှုအား လက်သင့်ခံခြင်း မဟုတ်ပါ။ အေဂျင်စီအား လက်သင့်ခံမှုနှင့် ကူညီပံ့ပိုးမှုများသည် အဂတိလိုက်စားမှုအား မည်သို့ ကာကွယ်တားဆီးပေးမည်ဆိုသည်နှင့် သက်ဆိုင်ပါသည်။

ထိုနည်းလမ်းများအား ပေါင်းစပ်အသုံးပြုခြင်းသည် စခန်းအခြေအနေတွင် အဂတိလိုက်စားမှုကို တိုက်ဖျက်ရန် အကောင်းဆုံး နည်းလမ်း ဖြစ်နိုင်ပါသည်။

## အခြေခံအဆောက်အအုံဆိုင်ရာ ဝန်ဆောင်မှုများ

### နေထိုင်စရာနေရာများအား ရေတွက်ခြင်း

နေထိုင်စရာစီမံခန့်ခွဲမှုတွင် ပါဝင်ဆောင်ရွက်ရာ၌ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် နေထိုင်စရာပံ့ပိုးသည့် အေဂျင်စီများ နှင့် လက်တွဲကာ သဘောတူထားသော ရေတွက်နည်းစနစ်အတိုင်း နေထိုင်စရာများကို ရေတွက်သင့်ပါသည်။ နေထိုင် စရာများအား ရေတွက်ခြင်းသည် အောက်ပါတို့ကို အထောက်အကူဖြစ်စေပါသည်။

- မှတ်ပုံတင်စာရင်းသွင်းထားသူများ စခန်းတွင်းတွင် ရှိနေကြောင်း ရှင်းလင်းစွာ သိရှိစေခြင်း
- မိသားစုများအား သတ်မှတ်ဖော်ထုတ်နိုင်ခြင်း
- စခန်းတွင်း နေထိုင်သူများအား မျက်ခြည်မပြတ် စောင့်ကြည့်နိုင်ခြင်း (အထူးသဖြင့် နေထိုင်သူများနှင့် ၎င်းတို့ နေထိုင်သည့် အိမ်အရေအတွက်သည် ဆက်စပ်မှုရှိလျှင်)

ကိန်းဂဏန်းအချက်အလက်များအား လုံခြုံစွာ ထိန်းသိမ်းထားသည့် ကွန်ပြူတာဇယား (spreadsheet) သို့မဟုတ် ပထဝီဆိုင်ရာ သတင်းစနစ်တစ်ခု (GIS) ဖြင့် ထားရှိနိုင်ပြီး ပျက်စီးမှု၊ တိုးတက်အောင်လုပ်ဆောင်မှုများ သို့မဟုတ် ရောဂါဘယ ဖြစ်ပွားမှုကဲ့သို့သော သီးခြားကိစ္စရပ်များနှင့် ဆက်နွယ်သော သတင်းအချက်အလက်များအား မျက်ခြည်မပြတ်သိရှိနေစေရန်

အသုံးပြု နိုင်ပါသည်။ ထိုသို့သော သတင်းအချက်အလက်များအား ဆက်လက်အသုံးတည့် နေစေလိုလျှင် နောက်ဆုံးရ အချက်အလက် များကို မကြာခဏ ဖြည့်သွင်းခြင်းနှင့် ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ပေး ရန် အလွန်အရေးကြီးပါသည်။
နေထိုင်စရာတစ်လုံးချင်းစီနှင့် ယင်းတို့ တည်ရှိနေသည့် အတန်း (block) ကို သိရှိနိုင်ရန်အတွက် နံပါတ်များ စနစ် တကျ တပ်ထားသင့်ပါသည်။ နေထိုင်စရာအတန်းများကို အလွယ်တကူ သိရှိနိုင်ရန်အတွက် နံပါတ်များ၊ အက္ခရာများ သို့မဟုတ် သင်္ကေတများအား မပျက်နိုင်သော ဆေးဖြင့် ရေးဆွဲထားသင့်ပါသည်။

ရှုပ်ထွေးသော အခြေအနေများ ဖြစ်ပေါ်နေသည့်နေရာများတွင် လူများသည် လုံခြုံရေးဆိုင်ရာ အကြောင်းများကြောင့် ၎င်းတို့နေထိုင်သော နေရာများအား နံပါတ်တပ်သည်ကို မလိုလားကြသူများ ရှိနိုင်ပါသည်။ ထို့ကြောင့် နံပါတ်တပ်ခြင်း နှင့် ယင်းနှင့်ဆက်နွယ်သော ကိန်းဂဏန်းအချက်အလက်များအား အသုံးပြုခြင်းတို့တွင် သိမ်သိမ်မွေ့မွေ့ ကိုင်တွယ် လုပ်ကိုင်တတ်ရန် အရေးကြီးပါသည်။

☛ နေထိုင်စရာများအား နံပါတ်တပ်ခြင်းနှင့် စပ်လျဉ်း၍ ထပ်မံသိလိုပါက - အခန်း (၇) စခန်းတည်ထောင်ခြင်းနှင့် ပိတ်သိမ်းခြင်း - တွင် ကြည့်ပါ။

> **ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် -**
> **နေထိုင်စရာများကို နံပါတ်တပ်ရာတွင် ပဋိပက္ခဖြစ်လွယ်မှုကို နားလည်သိရှိစွာ ဆောင်ရွက်ခြင်း**
> နံပါတ်တပ်ရာတွင် အသုံးပြုသည့် သုတ်ဆေးအရောင်နှင့်ပတ်သက်၍လည်း ကိစ္စရပ်အချို့ ရှိနိုင်ပါသည်။ အနောက် ဒါဖာရှိ အယ်လ်ဂျီးနီရင်နာတွင် စခန်းတွင်းနေထိုင်သည့် လူမျိုးစုများသည် အခြားသော စခန်းအချို့နှင့် ခြားနားစွာ သုတ်ဆေးအနီကို ဆန့်ကျင်မှုအတွက် အသုံးပြုသည့် အစဉ်အလာရှိကြောင်း စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ သိရှိခဲ့ရပါသည်။

## လျှပ်စစ်မီး/ မီးထွန်းခြင်း

လျှပ်စစ်မီးတပ်ဆင်ပေးခြင်းသည် ထိန်းသိမ်းပြုပြင်ရန်နှင့် တပ်ဆင်ရန် အလွန် ကုန်ကျစရိတ်များတတ်ပြီး စခန်းများအား လိုလားအပ်သည်ထက် သို့မဟုတ် လိုလားသည်ထက် ပိုမို တည်မြဲရှည်ကြာစေတတ်ပါသည်။ သို့သော် စခန်းများ တွင် လျှပ်စစ်မီးတပ်ဆင်ပေးခဲ့သည့် သာဓကအများအပြား ရှိပါသည်။ များသောအားဖြင့် ယင်းသည် နိုင်ငံအာဏာပိုင် များ သို့မဟုတ် လျှပ်စစ်မီးတပ်ဆင်ရန်နှင့် ထိန်းသိမ်းပြုပြင်ရန် တရားဝင်ခန့်အပ်ထားသောအဖွဲ့၏ တာဝန်ဖြစ်ပါသည်။ စခန်းတွင် သို့မဟုတ် အနီးအနားတွင် လျှပ်စစ်ဓာတ်ကြိုးကွန်ယက်များ ရှိပါက တပ်ဆင်ပေးသူမှ အကုန်အကျခံကာ လျှပ်စစ်မီးကို ရယူအသုံးပြုနိုင်ပါသည်။ ပို၍ အရေးကြီးသည်မှာ ထိုသို့ ဆက်သွယ်တပ်ဆင်ခြင်း သို့မဟုတ် ရွှေ့ပြောင်း သယ်ယူနိုင်သော အိမ်သုံးမီးစက်ကလေးများမှ ဘေးအန္တရာယ် လုံခြုံမှုဆိုင်ရာ အရေးကိစ္စများ ဖြစ်လာနိုင်ခြင်း ဖြစ် သည်။

နေစွမ်းအင်သုံး နည်းပညာအား ပို၍ ပို၍ လက်လှမ်းမီအသုံးပြုလာနိုင်ကြပြီး အချို့နေရာများတွင် မီးထွန်းခြင်း၊ ဖုန်းအားသွင်းခြင်းကဲ့သို့သော အခြေခံ လျှပ်စစ်လိုအပ်ချက်များအား ပိုမို တတ်နိုင်သည့်စျေးနှုန်းဖြင့် ရေရှည် အသုံးပြုနိုင်လာကြ ပြီ ဖြစ်ပါသည်။ လူသားချင်းစာနာထောက်ထားမှု အခြေအနေများတွင် ဆိုလာပြားများနှင့် မီးအိမ်များကို ပိုမို ဖြန့်ဝေပေးလာကြပြီး ညမှောင်နေသည့်အချိန်တွင်လည်း စာလေ့လာနိုင်ကြသည့်အတွက် ပညာရေးနှင့် ဆက်နွယ်သော အရေးကြီးသည့် လိုအပ်ချက်အချို့ကို ဖြေရှင်းရာတွင် အထောက်အကူပြုပြီး အန္တရာယ်ပြုရန် လာရောက်သူများ ပုန်းခိုနိုင်သည့်နေရာများကို လျှော့ချပေးနိုင်သည့်အတွက်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလိုအပ်ချက်များကိုလည်းဖြည့်ဆည်းရာတွင်လည်းအထောက်အကူဖြစ်ပါသည်။
လျှပ်စစ်မီးရရှိနိုင်သော စခန်းများတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီ သည် အောက်ပါတို့ကို ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

- ဓာတ်လိုက်ခြင်း သို့မဟုတ် မီးလောင်နိုင်သည့် အန္တရာယ်များကို လျှော့ချနိုင်ရန်အတွက် စခန်းတွင်းရှိ လျှပ်စစ်ဝါယာကြိုးများအား ကျွမ်းကျင်သည့် လျှပ်စစ်ပညာရှင်မှ စစ်ဆေးပေးပြီးဖြစ်ကြောင်း သေချာစေခြင်း
- တရားမဝင်သွယ်တန်းခြင်းများကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် တရားဝင်သွယ်တန်းမှုများအတွက် မီတာခများ ပေးဆောင်စေသည့် လုပ်ငန်းယန္တရားများ ရှိနေကြောင်း သေချာစေခြင်း
- အိမ်တွင်း လျှပ်စစ်ဝါယာကြိုး တပ်ဆင်မှုများကို စစ်ဆေးခြင်းနှင့် မီးသီးများအား သက်ကယ်အမိုးများ၊ ရွက်ဖျင်စများ သို့မဟုတ် စောင်များကဲ့သို့ အလွယ်တကူ မီးစွဲနိုင်သော အရာများနှင့် အလွန်နီးကပ်စွာ ရှိမနေကြောင်း သေချာစေခြင်း

➔ စခန်းတွင်းတွင် ကိုယ်ပိုင်မီးစက်/လျှပ်စစ်မီးရရှိနိုင်သည့် အရင်းအမြစ်များရှိနေသည့် မိသားစုများ ရှိ၊ မရှိ စောင့်ကြည့်ကြီးကြပ်ခြင်း။ လိုအပ်ပါက လောင်စာပုံးများအား ဘေးအန္တရာယ်ကင်းရှင်းစွာ သိုလှောင်ခြင်း၊ ပြန်ဖြည့်ခြင်းနှင့် အိတ်ဇောငွေ့များအတွက် ထွက်ပေါက်များ စနစ်တကျထားရှိခြင်း စသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အသိပညာပေးအစီအစဉ်များ ဆောင်ရွက်ခြင်း။

## ဂက်စ်/ရေနံဆီ/ဒီဇယ်ဆီ

တစ်ခါတစ်ရံ ဂက်စ်များအား ချက်ပြုတ်ရန်အတွက် ဂက်စ်ပူးများဖြင့် ပံ့ပိုးပေးတတ်ပြီး ရာသီဥတုအေးသော ဒေသများ တွင် အနွေးဓာတ်ရရန်အတွက် ဒီဇယ် သို့မဟုတ် ရေနံဆီကိုပါ ပံ့ပိုးပေးတတ်ပါသည်။ စခန်းတစ်ခုအတွင်းတွင် အလွန် မီးလောင်လွယ်သော လောင်စာများကို အသုံးပြုနေပါက အန္တရာယ်များသော အခိုးအငွေ့များကို ရှောင်ရှားနိုင်ရန် ဂက်စ်ပူးများ၊ လောင်စာကန်များအား နေအိမ်ပြင်ပတွင် သိုလှောင်ထားရှိရပါမည်။ ခိုးယူမှုများကို ကာကွယ်ရန်အတွက် လုံခြုံရေးအစီအမံများနှင့်အတူ မီးဘေးအန္တရာယ် ကာကွယ်ရေး အတွက်ပါ ထပ်ဆောင်းဆောင်ရွက်ပေးရန် လိုအပ်ပါ သည်။

ရှားရှားပါးပါး ဂက်စ်ပိုက်လိုင်းများအသုံးပြုသော နေရာများတွင် တပ်ဆင်မှုများကို ကျွမ်းကျင်ပညာရှင်များနှင့် စနစ် တကျ ဆောင်ရွက်စေသင့်ပါသည်။ သဘောတူညီချက်များပေါ်တွင် မူတည်ကာ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ သည် အသုံးပြုမှုကိုလည်း စောင့်ကြည့်ကြီးကြပ်ရပါမည်။

## အန္တရာယ်ဖြစ်နိုင်ခြေများ

အန္တရာယ်ဖြစ်နိုင်ခြေဆိုသည်မှာ အန္တရာယ်နှင့် ထိတွေ့နိုင်ခြေတို့ကို ပေါင်းစည်း ခန့်မှန်းခြင်း ဖြစ်ပါသည်။ ဥပမာ ရေစီး ရေလာစနစ် မရှိသောနေရာများတွင် နေထိုင်စရာများကို ရေလွှမ်းမိုးနိုင်သည့် ကြီးမားသောအန္တရာယ်နှင့် ကြုံရနိုင်ခြေ ရှိပါသည်။ စခန်းနေရာကို ကောင်းစွာရွေးချယ်ထားမှု မရှိခြင်းကဲ့သို့သော အကြောင်းအချက်များကြောင့် အန္တရာယ်နှင့် ထိတွေ့နိုင်ခြေသည် ပိုမို မြင့်မားလာပါသည်။ ဥပမာ စခန်းသည် ရေလွှမ်းမိုးလေ့ရှိသည့် နေရာတွင် တည်ရှိနေခြင်း။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် စခန်းအုပ်ချုပ်ရေးအဖွဲ့တို့သည် အခြားသော ပါဝင်ပတ်သက်သူများနှင့်အတူ စခန်းအဆင့် အစီအစဉ်ရေးဆွဲမှုလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ကပ်ဘေးအမျိုးမျိုး ကျရောက်နိုင်ခြေ လေ့လာဆန်းစစ် ချက်များကို ဆောင်ရွက်သင့်ပြီး စခန်းများကြား/ဒေသတွင်းအဆင့် တွင် CCCM အစုအဖွဲ့/ကဏ္ဍဦးဆောင်အေဂျင်စီနှင့် ညှိနှိုင်းကာ ဆောင်ရွက်သင့်ပါသည်။

နေထိုင်စရာများနှင့် စပ်လျဉ်း၍ ဒေသအလိုက် အန္တရာယ်ဖြစ်နိုင်ခြေများကို ဒေသခံတို့၏ ရိုးစင်းသည့် (ထုံးတမ်း စဉ်လာ) အဆောက်အဦ ဒီဇိုင်းပုံစံများကို လေ့လာခြင်းဖြင့် ဖော်ထုတ်သိရှိနိုင်ပါသည်။ ဖြစ်နိုင်ပါက ထိုသို့သော ဒီဇိုင်းများနှင့် အသုံးပြုထားသောပစ္စည်းများကို ထည့်သွင်းစဉ်းစားသင့်ပြီး ရွှေ့ပြောင်းနေထိုင်သူများအတွက် အန္တရာယ် နှင့် ထိတွေ့နိုင်ခြေများကို လျှော့ချနိုင်စေရန် ပိုမိုကောင်းမွန်အောင် ပြုပြင်တည်ဆောက်ပေးသင့်ပါသည်။ ဒေသ အလိုက် တည်ရှိနေသောပြဿနာများ၏ သက်ရောက်မှုအား ပိုမို ခံနိုင်ရည်ရှိစေပြီး အချိန်ကြာလာသည်နှင့်အမျှ အန္တရာယ်ဖြစ်နိုင်ခြေ တိုးမလာစေရန်အတွက် စနစ်တကျပြုပြင်ထိန်းသိမ်းပေးရန် လိုအပ်ပါသည်။

## အေးသော ရာသီဥတုများ/ဆောင်းရာသီအတွက် ပြင်ဆင်ပေးခြင်း

နေ့ဘက်တွင် ပူပြင်းလှသည့် သဲကန္တာရများတွင်ပင် ညဘက်၌ အပူချိန် သိသိသာသာ ကျဆင်းသွားနိုင်ပြီး နေထိုင်စရာ အစီအစဉ်များရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့် ဥတုရာသီအလိုက် မိုးလေဝသအခြေအနေ ပြောင်းလဲမှုများ ရှိနိုင်ပါသည်။ အေးသောရာသီဥတုများတွင် နလုံးသွေးကြောဆိုင်ရာ ပြဿနာများနှင့် အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်း များကြောင့် သေဆုံးမှုနှုန်းများ မြင့်မားလာသည်ကို ယေဘုယျအားဖြင့် တွေ့ရှိရတတ်ပါသည်။

အနွေးဓာတ်ရအောင် ဆောင်ရွက်ခြင်းနှင့် အိမ်တွင်းတွင် ချက်ပြုတ်ခြင်းတို့၏ အကျိုးသက်ရောက်မှုအနေဖြင့် မီးလောင် ဒဏ်ရာများ၊ အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်းများနှင့် မျက်လုံးပိုးဝင်ခြင်းများလည်း ထပ်ဆောင်း တိုးပွားလာနိုင် ပါသည်။ အနွေးဓာတ်ရရှိအောင် အသုံးပြုရန်အတွက် လောင်စာများ ပံ့ပိုးပေးသည့် နေရာများတွင် မီးလောင်လွယ် သော ပစ္စည်းများအား အန္တရာယ်ကင်းစွာ ပြောင်းရွှေ့သိုလှောင်ကြောင်း သေချာစေရန်အတွက် သင့်တော်သော ထောက်ပံ့ပို့ဆောင်ရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး လုပ်ငန်းလမ်းညွှန်များ ရှိနေရပါမည်။ လောင်စာများအား ချွေတာသုံးစွဲမှုကို အားပေးမြှင့်တင်ရန်အတွက် လောင်စာ များ ပုံမှန်ဖြည့်တင်းပေးရေးနှင့် လောင်စာအသုံးပြုသည့် ပုံစံများအား အကြံပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ စခန်းလူထုနှင့် ဆက်သွယ်

ပြောကြား ဆောင်ရွက်သင့်ပါသည်။ အေးမြ သော ရာသီဥတုအတွက် ဦးစားပေးဆောင်ရွက်ရမည့်အရာများမှာ

- ➔ အရေပြားနှင့် ထိကပ်နေသောအရာများအား နွေးထွေးခြောက်သွေ့နေစေခြင်း (အဂတ်အထည်၊ အိပ်ရာလိပ်၊ စောင်များ၊ မွေ့ယာများနှင့် ခေါင်းမိုး)
- ➔ အပူဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရန် အပူကာပစ္စည်းများ တပ်ဆင်ခြင်း၊ လေအေးများ အတိုက်ခံမှုအား အနည်းဆုံး ဖြစ်စေရန် လေတိုးဝင်နိုင်သည့် အပေါက်များကို ပိတ်ပေးခြင်း သို့မဟုတ် လေကာနံရံများ တည်ဆောက်ပေးခြင်းဖြင့် အနီးပတ်ဝန်းကျင်အား နွေးထွေးနေစေခြင်း

အေးသောရာသီဥတုများတွင် စခန်းလူထုအား ကူညီပံ့ပိုးပေးရန် စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါသည်။

- ➔ နေထိုင်သည့်နေရာများအား လေစိမ်းများ မတိုက်ခတ်စေရန်နှင့် အပူကာပေးရန်အတွက် မိသားစု များတွင် ပလတ်စတစ်စများ၊ စောင်များ သို့မဟုတ် အခြားသော ပစ္စည်းများ လုံလောက်စွာ ရှိကြောင်း သေချာအောင် ဆောင်ရွက်ပေးနိုင်ပါသည်။ ထိုဆောင်ရွက်ချက်များသည်ပတ်ဝန်းကျင်အပူချိန်အခြေအနေကောင်းမွန်စေမှုနှင့်အပူအအေးမျှတမှုများအတွက်အရေးကြီးပြီး အထူးသဖြင့် အနွေးဓာတ်ပေးရန်အတွက် လောင်စာရရှိ နိုင်မှု အကန့်အသတ်ရှိသော နေရာများတွင် ဆောင်ရွက်ပေးရန် ပိုမိုအရေးကြီးပါသည်။ အပြန်အလှန်အားဖြင့် လေဝင်လေထွက် လျော့နည်းသွားမှုသည် တီဘီရောဂါ ကဲ့သို့သော အသက်ရှူလမ်းကြောင်း ပိုးဝင်မှုများကို ကူးစက်ပျံ့နှံ့စေနိုင်ပါသည်။ အသက်ရှူလမ်းကြောင်းရောဂါများ ကူးစက်သည့်နှုန်းကို လျှော့ချနိုင်ရန် လေ အဝင်အထွက် အလွန်ကောင်းရန် လိုအပ်ပြီး အနွေးဓာတ်ပေးသည့် လောင်စာအရင်းအမြစ်များ ပေးအပ်ခြင်း မရှိဘဲနှင့် ထိုရောဂါများ ကူးစက်မှုမှ တားဆီးကာကွယ်ခြင်းကို လက်တွေ့ ဆောင်ရွက်နိုင်မည် မဟုတ်ပါ။
- ➔ လေစိမ်းတိုက်ခတ်ခံရမှု လျှော့ချရန်နှင့် တံခါးများကို ကာကွယ်ပေးနိုင်ရန်အတွက် နေအိမ်များ ပတ်လည်တွင် နံရံအနိမ့်များအား ရွှံ့ သို့မဟုတ် အခြားပစ္စည်းများနှင့် ဆောက်လုပ်ရန် မြေပိုင်ရှင်များ၊ စခန်းအုပ်ချုပ်ရေး အဖွဲ့နှင့် ညှိနှိုင်းပေးနိုင်သည်။ ခွင့်ပြုချက်ရရှိပါက ထိုနံရံများ တည်ဆောက်ရန်အတွက် ရေအလုံအလောက် ရရှိနိုင်အောင် ဆောင်ရွက်ပေးပြီး လိုအပ်ပါက စခန်းလူထုအတွက် အခြေခံ ကိရိယာတန်ဆာပလာ များကို လည်း ငှားရမ်းပေးရပါမည်။
- ➔ ရေနှင့် သန့်ရှင်းရေး အေဂျင်စီနှင့် ညှိနှိုင်းကာ ဆောင်းရာသီအတွက် ပြင်ဆင်မှုများဖြစ်သည့် ရေပေးဝေခြင်း နှင့် လမ်းများကို အသုံးပြုနိုင်စေခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ပါသည်။
- ➔ အေးသောရာသီတွင် စခန်းလူထုသည် ကယ်လိုရီ ပိုမိုလိုအပ်သည့်အတွက် အစားအစာများ အလုံအလောက် ပံ့ပိုးပေးနိုင်ပါသည်။ သံသယရှိလျှင် အာဟာရပညာရှင်တစ်ဦးထံမှ ပညာရပ်ဆိုင်ရာ ကူညီပံ့ပိုးမှုကို ရယူလျှင် အထောက်အကူဖြစ်နိုင်ပါသည်။
- ➔ အမျိုးသားနှင့် အမျိုးသမီးများအတွက် သီးသန့်နေရာ ခွဲပေးထားသည့် အများသုံး အနွေးဓာတ်ပေးသည့် နေရာများကို တည်ဆောက်ရန် စဉ်းစားပေးနိုင်သည်။ ဥပမာ - နေ့စဉ် နာရီအနည်းငယ်စီ ရေပူဖြင့် ကိုယ်လက်သန့်စင်နိုင်သည့် အများသုံးအခန်းများသည် တစ်ကိုယ်ရေ သန့်ရှင်းရေးကို အားပေးနိုင်ပါသည်။
- ➔ အနွေးဓာတ်ရရှိရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် လောင်စာများ ထပ်ဆောင်းပေးမှုအား ညှိနှိုင်းဆောင်ရွက်ပေးနိုင်ပါသည်။

## နှင်းကျသော ရာသီဥတု

နှင်းများ ထူထပ်စွာကျပါက နေထိုင်စရာများ ပြိုကျနိုင်ပြီး စခန်းများသို့ ပစ္စည်းများပေးပို့မှုကိုလည်း ပြတ်တောက်စေနိုင်ပါသည်။ စခန်းလူထုနှင့် ကော်မတီများသည် ဆောင်းမဝင်မီ ကြိုတင်၍ နှင်းထူထပ်စွာကျမှု များအတွက် ပြင်ဆင် ထားပြီးဖြစ်ကြောင်း သေချာစေရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ ဆောင်ရွက်ရပါမည်။ ရွက်ဖျင်တဲများထိုးထားသော စခန်းများတွင် နှင်းကျမှုများအတွက် ပြင်ဆင်သည့်အနေဖြင့် စခန်းစီမံခန့်ခွဲမှု အေဂျင်စီမှ လုပ်ဆောင်နိုင်သည်များမှာ -

- ➔ နှင်းကျမှုများအတွက် ပြင်ဆင်ရန် ဝန်ထမ်းများ သို့မဟုတ် စခန်းကော်မတီများဖြင့် အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်း ခြင်း
  - နေထိုင်စရာများအား စနစ်တကျ ခိုင်မြဲစွာ အထိန်းကြိုးများ တပ်ဆင်ချည်နှောင်ထားပြီး နေထိုင်စရာ လုပ်ထားသော ရွက်ဖျင်စများမှာ ခိုင်ခံ့မှုရှိကြောင်း သေချာစေရန် ထိုအဖွဲ့အား စခန်းတွင်း လိုက်လံ စစ်ဆေးစေခြင်း
  - နှင်းများ ကျလာပါက အလေးချိန်လျှော့နည်းစေရန်အတွက် ညဘက်ဖြစ်နေစေကာမူ နေထိုင်စရာများ ပေါ်မှ နှင်းများကို ခါချပေးရန် လိုအပ်ကြောင်း မိသားစုများအား ရှင်းပြထားခြင်း

- နေထိုင်စရာများ ပြိုကျသွားပါက အရေးပေါ်ဖြည့်ဆည်းပေးနိုင်ရန် ပြင်ဆင်ထားခြင်း
- အရည်ပျော်သွားသော နှင်းများကြောင့် ရေကြီးရေလျှံမှုမဖြစ်ပွားအောင် ကာကွယ်နိုင်ရန်အတွက် ရေနှင့် သန့်ရှင်းရေး အေဂျင်စီများနှင့် ညှိနှိုင်းကာ ဆောင်ရွက်ခြင်း
- လစ်ဟာနေ၊ လွတ်နေသောနေရာများကို လုံအောင်ပိတ်ကာ ခြောက်သွေ့နေစေရန် ကြိုး သို့မဟုတ် တွဲဆက် တပ်ဆင်ပစ္စည်းများ သို့မဟုတ် နှင်းများ လျှောဆင်းသွားအောင် ပြုလုပ်နိုင်ရန်အတွက် ပလတ်စတစ်စများကို အပိုဆောင်း ပံ့ပိုးပေးရန် စဉ်းစားခြင်း
- ရွက်ဖျင်တဲများ သို့မဟုတ် နေထိုင်စရာများသည် မီးပုံများ သို့မဟုတ် အပူပေးကိရိယာများပေါ် သို့ ပြိုကျ နိုင်သည်ကို သိရှိထားပြီး ရွက်ဖျင်တဲများ/ နေထိုင်စရာများထဲတွင် မီးပုံများ မရှိစေခြင်းနှင့် မီးဖိုများပေါ် အမိုးများ တပ်ဆင်ကာကွယ်ထားစေခြင်း

## ပူပြင်းသော ရာသီဥတု

ပူပြင်းသောရာသီဥတုတွင် အရိပ်အာဝါသရှိပြီး နှင့် လေဝင်လေထွက်ကောင်းရန် အရေးကြီးပါသည်။ သက်ကယ်များ၊ ငှက်ပျောရွက်များ သို့မဟုတ် ခေါင်မိုးများတွင် အလင်းပြန်သော သုတ်ဆေးများအသုံးပြုခြင်းသည် နေအိမ်အတွင်းပိုင်း မှ အပူချိန်ကို လျှော့ချရာတွင် အထောက်အကူဖြစ်သည့်အတွက် အားပေးသင့်ပါသည်။ ပလတ်စတစ်စများထက် ဇာပေါက်နေကာများသည် လေဝင်လေထွက် ပိုကောင်းစေပါသည်။ ထို့ပြင် စခန်း စီမံခန့်ခွဲမှုအေဂျင်စီသည် -

- လေဝင်လေထွက်ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်း၊ နေထိုင်စရာများ အပြင်ဘက်တွင် အရိပ်ရသော နေရာများ ထားရှိပေးခြင်း၊ နေကာများ တပ်ဆင်ပေးရန် သို့မဟုတ် မျက်နှာကြက်များ မြှင့်ပေးခြင်း တို့ကို လုပ်ဆောင်ပေးရန် နေထိုင်စရာ ပံ့ပိုးသူများအား အားပေးနိုင်ပါသည်။
- စခန်းလူထုအား နေကာများတပ်ဆင်ရန်နှင့် အခြားသော ပြုပြင်မွမ်းမံမှုများ ပြုလုပ်နိုင်အောင် ကူညီပံ့ပိုးပေး နိုင်သည်။
- နေထိုင်စရာများအနီးတွင် အရိပ်ရစေရန်အတွက် အကြီးမြန်သော အရိပ်ရသစ်ပင်များ စိုက်ပျိုးရန် အားပေး နိုင်သည်။
- လျှပ်စစ်ပန်ကာများ ပံ့ပိုးပေးရန် သင့်တော်မှု ရှိ၊ မရှိ စဉ်းစားပေးနိုင်သည်။

## လေပြင်း/တိုင်ဖွန်းမုန်တိုင်း

တိုင်ဖွန်း သို့မဟုတ် လေပြင်းမုန်တိုင်းများသည် နေထိုင်စရာများကို ပျက်စီးစေနိုင်ပါသည်။ လေပြင်းအန္တရာယ် ကာကွယ်ရေး ကြိုတင်ပြင်ဆင်ရာတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီအတွက် လက်တွေ့ကျသော အကြံပြုချက် များမှာ -

- စခန်းများနှင့် စုစည်းနေထိုင်ရာနေရာများရှိ နေထိုင်စရာများ၏ တည်ဆောက်ပုံများကို လေ့လာဆန်းစစ်မှု တစ်ခု ဆောင်ရွက်ရပါမည်။ ယင်းအား ဆောင်ရွက်ရန်အတွက် ကျွမ်းကျင်ပန်ထမ်းမရှိပါက အင်ဂျင်နီယာ များ၏ အကူအညီကို ရယူရပါမည်။
- လေ့လာဆန်းစစ်မှု၏ ရလဒ်များပေါ် မူတည်ကာ ဆောင်ရွက်သင့်သည်များကို အရေးယူ ဆောင်ရွက်ရပါမည်။ အချိန်ရပါက ကပ်ဘေးများ၏ သက်ရောက်မှုကို ပိုမိုဆိုးရွားမသွားစေသော အဆင့်မြှင့်တင်မှုများဖြင့် နေထိုင် စရာ ဒီဇိုင်းများအား ပြုပြင်မွမ်းမံပေးပါ။
- လေပြင်းတိုက်ချိန်တွင် လွင့်ပါသွားနိုင်သော ပစ္စည်းများ၊ အထူးသဖြင့် သံပြားများသည် အန္တရာယ်ရှိသော ကြောင့် ကောင်းစွာ ချည်နှောင်တပ်ဆင်ထားကြောင်း သေချာအောင် ဆောင်ရွက်ရပါသည်။
- လေပြင်းများ တိုက်ခတ်သည့်ရာသီ မတိုင်မီကတည်းက ကြိုးများ၊ ခေါင်မိုးရိုက်သံချောင်းများနှင့် အခြား တွဲဆက် တပ်ဆင်ပစ္စည်းများကို ထပ်ဆောင်းပေးဝေထားရန် စဉ်းစားဆုံးဖြတ်ရပါမည်။
- အားနည်းကျိုးပြတ်လွယ်သော နေရာများ၊ ခေါင်မိုးနှင့် နံရံများကြား ကောင်းစွာ တွဲဆက်ထားမှု မရှိခြင်းများ၊ ကန့်လန့်အထိန်းများ မရှိခြင်းနှင့် အုတ်မြစ်မခိုင်ခြင်းများကို စစ်ဆေးပေးရန် အင်ဂျင်နီယာများအား ခေါ်ယူ ဆောင်ရွက်စေရပါမည်။
- သက်ကယ်မိုးနှင့် အခြားခေါင်မိုးများအား ကြိုးဖြင့် ထိန်းချုပ်ထားရပါမည်။
- ရွက်ဖျင်တဲများနှင့် အခြားသော ယာယီအဆောက်အဦများပေါ်ရှိ ကြိုးများအား တင်းကြပ်စွာ ချည်နှောင် ထားခြင်းဖြင့် လေတိုက်လျှင် တဖျတ်ဖျတ်လွင့်မနေစေရန် ကာကွယ်နိုင်ပါသည်။
- လေပြင်းတိုက်ချိန်အတွင်း မီးပုံများမှ မီးကျီးခဲများ လွင့်ပျံခြင်းကို ကာကွယ်နိုင်ရန် မီးဘေးအန္တရာယ် တားဆီး ကာကွယ်ရေးများ လုပ်ဆောင်ထားရပါမည်။

မိုး/ရေကြီးရေလျှံမှုများ
ရေကြီးရေလျှံမှုအန္တရာယ်မှရှောင်ရှားနိုင်ရန် အကောင်းဆုံးနည်းလမ်းမှာစခန်းနေရာကိုသေချာစွာရွေးချယ်ကာအစီအစဉ်ရေးဆွဲခြင်း ဖြစ်ပါသည်။

☛ စခန်းနေရာရွေးချယ်ခြင်းနှင့် စပ်လျဉ်း၍ ထပ်မံသိလိုသည်များ ရှိပါက - အခန်း (၇) စခန်းတည်ထောင်ခြင်းနှင့် ပိတ်သိမ်းခြင်း - ကို ကြည့်ပါ။

မိုးရာသီမတိုင်မီ လများကတည်းက ရေမလုံသော နေထိုင်စရာများအတွက် ပလတ်စတစ်စများ ဖြန့်ဝေပေးခြင်း၊ အစားထိုးပေးခြင်းနှင့် ခေါင်မိုးပြုပြင်ခြင်းများကို တတ်နိုင်သမျှ စီစဉ်ဆောင်ရွက်ပေးရပါမည်။ ထို့ပြင် ရေကြီးရေလျှံမှု တားဆီးကာကွယ်ရေးများသည် ရေနုတ်မြောင်းများနှင့် ရေသွင်းမြောင်းများအား ပြုပြင်ထိန်းသိမ်းမှုနှင့် များစွာ ဆက်နွယ်နေပါသည်။ အကယ်၍ မိုးရာသီမတိုင်မီ စခန်းနေရာအား မြေတိုင်းစစ်ဆေးရာတွင် နေထိုင်စရာများသည် ရေကြီးရေလျှံဖြစ်နိုင်သော နယ်ပယ်အတွင်း ကျရောက်နေကြောင်း တွေ့ရှိရပါက ရွှေ့ပြောင်းပေးရန် လိုအပ်ကောင်း လိုအပ်ပါလိမ့်မည်။ အခြားရွေးချယ်စရာမရှိပါက မြေနေရာအား မြှင့်ပေးရန် စဉ်းစားရပါမည်။ ရေကြီးရေလျှံမှုအန္တရာယ် ကာကွယ်ရေး ကြိုတင်ပြင်ဆင်ရာတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီအတွက် လက်တွေ့ကျသော အကြံပြုချက် များမှာ -

- ➔ အရေးပေါ် မြေဖို့ခြင်းများ ပြုလုပ်နိုင်ရန်အတွက် လိုအပ်သော ကိရိယာတန်ဆာပလာများ (ဂေါ်ပြား၊ ပေါက် ချွန်း) နှင့် သဲအိတ်များ (ရိက္ခာအိတ်လွတ်များကို အသုံးပြုနိုင်) အား သိုလှောင်ထားရှိခြင်းဖြင့် စခန်းလူထု အား နေ့စဉ်ငှားရမ်းခြင်း သို့မဟုတ် စခန်းလူထု၏ စခန်းပြုပြင်ထိန်းသိမ်းမှု ကော်မတီများမှတစ်ဆင့် ငှားရမ်း ပေးနိုင်ပါသည်။
- ➔ မိုးရာသီ မစတင်မီ ကြိုတင်၍ ကြမ်းများကို မြှင့်ထားသင့်ပြီး မိမိနေထိုင်သည့် နေထိုင်စရာနေရာတွင် မြောင်းတူးထားသင့်ကြောင်း မိသားစုတိုင်းကို ရှင်းပြရပါမည်။ ယင်းအား စောင့်ရှောက်ထိန်းသိမ်းမှု အစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သလို ရေနှင့် သန့်ရှင်းရေး အေဂျင်စီမှလည်း စီစဉ်ဆောင်ရွက် ပေးနိုင်ပါသည်။
- ➔ နေထိုင်စရာနေရာတစ်ခုချင်းစီမှ ရေနုတ်မြောင်းများသည် စခန်းတစ်ခုလုံး၏ ရေနုတ်မြောင်းစနစ်နှင့် ချိတ် ဆက်နေပြီး မိမိ၏ ရေနုတ်မြောင်းသည် မိမိနေရာတွင် ရေမလျှံသော်လည်း ဘေးအိမ်များတွင် ရေလျှံခြင်း မျိုး မဖြစ်စေကြောင်း သေချာအောင် ဆောင်ရွက်ရပါမည်။
- ➔ ရေနုတ်မြောင်းများ တူးဖော်ခြင်း သို့မဟုတ် ကြမ်းပြင်များ မြှင့်တင်ခြင်းတို့အတွက် ထိခိုက်လွယ်သော သူများအား ကူညီပေးရပါမည် သို့မဟုတ် ရပ်ရွာလူထုမှ ပါဝင်ကူညီပေးရန် တိုက်တွန်းအားပေးရပါမည်။
- ➔ မိုးရာသီမတိုင်မီ ရေလွှမ်းခံရနိုင်ခြေရှိသော စခန်းတွင်းမှ နေရာများကို သတ်မှတ်ဖော်ထုတ်ကာ ရေစီး ရေလာ ကောင်းမွန်တိုးတက်စေရန် မြေနေရာအား ပြန်လည်ပြုပြင်ရန် အင်ဂျင်နီယာများ၏ အကူအညီ တောင်းခံခြင်း သို့မဟုတ် နေရာပြန်လည်ချထားပေးရန် အကြံပြုခြင်းတို့ကို ဆောင်ရွက်ရပါမည်။
- ➔ မိုးယိုနိုင်သော နေထိုင်စရာများ ရှိ၊ မရှိ လေ့လာစစ်ဆေးပါ။
- ➔ ခေါင်မိုးများ ပြုပြင်ရန်အတွက် ပလတ်စတစ်စများနှင့် တွဲဆက်တပ်ဆင်ပစ္စည်းများ သို့မဟုတ် တိပ်ပြားများ ကဲ့သို့သော ပစ္စည်းများကို ပြင်ဆင်ပေးရပါမည်။
- ➔ ရေနုတ်မြောင်းများအတွက် ကျောက်စရစ်များ ပံ့ပိုးပေးရပါမည်။ မိုးအလွန်များသော နေရာများတွင်မူ အင်္ဂတေ မြောင်းများ တူးရန်လိုအပ်သည်ကို သတိပြုရပါမည်။
- ➔ ရေကြီးရေလျှံ ဖြစ်တတ်သော ဒေသများတွင် ထောက်ပံ့ပစ္စည်း အဆောက်အအုံများအတွက် အစီအစဉ် ရေးဆွဲသည့်အခါ အရေးအကြီးဆုံးကို ဦးစားပေးကာကွယ်သည့် မူဝါဒကို ကျင့်သုံးရပါမည်။ ရေကြီးရေလျှံ ဖြစ်သောအခါ အရေးပါမှု အနည်းဆုံးနေရာများကိုသာ ဦးစွာရေလွှမ်းစေသည့် မူဝါဒဖြစ်ပါသည်။

## မြေလျှောလျှောက်ခြင်း

စခန်းတွင်းရှိ နေထိုင်စရာများနှင့် အထူးသဖြင့် စုစည်းနေထိုင်ရာနေရာများ၏ လျှောဒဏ်ခံနိုင်အားကို သံသယရှိပါက အင်ဂျင်နီယာတစ်ဦးအား ခေါ်ယူခန့်ထားကာ စစ်ဆေးစေပြီး မည်သို့ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မည် ဆိုသည်ကို

အကြံပြုချက်များ ရယူရပါမည်။ မြေငလျင် သို့မဟုတ် နောက်ဆက်တွဲ ငလျင်ငယ်များလှုပ်နိုင်သည့် အန္တရာယ်မြင့်မားသော နေရာများတွင် ရှိနေသောအဆောက်အဦများအားစုစည်းနေထိုင်ရာနေရာများအဖြစ် အသုံးမပြုမီ အင်ဂျင်နီယာတစ်ဦးကိုငှားရမ်းကာ စစ်ဆေးစေရပါမည်။ ယေဘုယျအားဖြင့် ပေါ့ပါးပြီး အထိန်းများ ကောင်းစွာ တပ်ဆင်ထားသော အဆောက်အဦများသည် ထိခိုက်နိုင်ခြေ နည်းပါးပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အောက်ပါတို့ကို မမေ့မလျော့ဆောင်ရွက်ရပါမည်။

- စခန်းနေရာအား အစီအစဉ်ရေးဆွဲစဉ်အတွင်း နေထိုင်စရာများအား မတ်စောက်သော လျှောစောက်များ သို့မဟုတ် ငလျင်လှုပ်စဉ် ပြိုဆင်းသွားနိုင်ခြေရှိသော မြေနေရာများတွင် မထားရှိရပါ။
- မြေငလျင်လှုပ်နိုင်ခြေ မြင့်မားသော နေရာများတွင် လူများအား လေးလံသော ပစ္စည်းများနှင့် ရေခရားများကို ခေါင်းပေါ် ပြုတ်မကျစေရန်အတွက် နိမ့်သည့်နေရာများတွင်သာ ထားရန် တိုက်တွန်းရပါမည်။
- မြေငလျင်လှုပ်သောအခါတွင် ခေါင်မိုးအုတ်ကြွပ်ပြားများ၊ မှန်စများ ကျလာနိုင်သည့် နေရာများမှ ဝေးရာသို့ ပြောင်းရွှေ့နေရန် လေ့ကျင့်သင်ကြားပေးထားဖို့ လိုအပ်ပါသည်။

☐ စုစည်းနေထိုင်ရာနေရာများတွင် စခန်းလူထုအား မြေငလျင်လှုပ်လျှင် လိုက်နာဆောင်ရွက်သင့်သည်များ၊ အန္တရာယ်ကင်းရာသို့ ရွှေ့ပြောင်းပေးမှု လုပ်ငန်းလမ်းညွှန်များကို လေ့ကျင့်ပေးသည့် သတင်းအချက် အလက် ပေးသည့် လှုပ်ရှားမှုများကို ကျင်းပပေးသင့်ပါသည်။

## ခြများနှင့် အင်းဆက်ပိုးမွှားများ

နေထိုင်စရာများအား ခြများ၊ အင်းဆက်ပိုးမွှားများအန္တရာယ်မှ ကာကွယ်ပေးနိုင်သော နည်းစနစ်များတွင် အောက်ပါတို့ ပါဝင်ပါသည်။

- အင်းဆက်ပိုးမွှားများ၏ ဖျက်ဆီးခြင်းကို ခံနိုင်ရည်ရှိအောင် စီမံထားသည့် ပစ္စည်းများ၊ အထူးသဖြင့် သစ်များကို၊ ဂယ်ယူခြင်း သို့မဟုတ် သစ်ခွဲပြီးနောက် ဆောက်လုပ်ရေးအတွက် အသုံးမပြုမီ သစ်သားချောင်း များအား (ဥပမာ- အင်ဂျင်ဆီဖြင့်) စီမံသုတ်လိမ်းပေးခြင်း
- အဖျက်ပိုးမွှားတိရစ္ဆာန်များ ဝင်ရောက်နိုင်သော အပေါက်များနှင့် အခြားနေရာများအား အလုံပိတ်ခြင်း
- အစားအသောက်များအား ပိုးမွှားတိရစ္ဆာန်များ ဝင်ရောက်ဖျက်ဆီးနိုင်ခြင်းမရှိသော အလုံပိတ် ပုံးများထဲတွင် ထားရှိခြင်း
- အဖျက်ပိုးမွှားတိရစ္ဆာန်များအတွက် အစာ သို့မဟုတ် အသိုက်လုပ်နိုင်သည့် အမှိုက်သရိုက်နှင့် အခြားပစ္စည်း များအား ဖယ်ရှားရှင်းလင်းခြင်း
- နေထိုင်စရာ တစ်ခုချင်းစီရှိ ရေနုတ်မြောင်းများကို ပြုပြင်ထိန်းသိမ်းခြင်းနှင့် ရွှံ့စေးမြေများတွင် ရေပပ်ခြင်းကို လျော့နည်းစေရန်အတွက် အပေါက်များကို ဖို့ကာ ပိတ်ပေးခြင်း
- အခြားသူများအား မျှဝေပေးနိုင်ရန်အတွက် နေထိုင်စရာနှင့် သက်ဆိုင်သော ကိန်းဂဏန်းအချက်အလက်များ (အိမ်ထောင်စုစာရင်းနှင့် နံပါတ်များ၊ ဖြန့်ဝေမှုများ၊ ပြုပြင်ပြင်ဆင်မှုများ၊ အဆင့်မြှင့်တင်ရန်အတွက် ခန့်မှန်း ကုန်ကျစရိတ်များနှင့် အခြားသော အစီအစဉ်ရေးဆွဲမှုဆိုင်ရာ အချက်အလက်များ) အား ထိန်းသိမ်းကာ အချိန်နှင့်တစ်ပြေးညီ ဖြည့်စွက်ပြင်ဆင်နေခြင်း။ ဤသတင်းအချက်အလက်များအား ကပ်ရောဂါများဖြစ်ပွား သောအခါ တိုက်ဆိုင်စစ်ဆေးရန် သို့မဟုတ် စခန်း၏ အချို့အပိုင်းများတွင် အဖျက်ပိုးမွှားတိရစ္ဆာန် ပြဿနာ ပေါ်ပေါက်လာသောအခါ ဖြေရှင်းရန် အသုံးပြုနိုင်ပါသည်။
- တစ်ကိုယ်ရေသန့်ရှင်းရေး၊ ရောဂါပိုးသယ်ဆောင်သော ပိုးမွှားတိရစ္ဆာန်များ ထိန်းချုပ်ခြင်း၊ ရေစီးရေလာ ကောင်းမွန် စေခြင်းနှင့် ရေနှင့် သန့်ရှင်းရေး အခြေခံအဆောက်အအုံများနှင့်စပ်လျဉ်း၍ ထပ်မံသိလိုသည်များ ရှိပါက - အခန်း (၁၄) ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး - ကို ကြည့်ပါ။

## မီးလောင်ခြင်း

စခန်းနေရာတစ်ခုတွင် မီးလောင်ခြင်းသည် ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှုနှင့် ပစ္စည်းဥစ္စာဆုံးရှုံးမှုများကို ဖြစ်စေသော အရေးကြီးသည့် အကြောင်းရင်းတစ်ခုဖြစ်ပါသည်။ ကြိုတင်ကာကွယ်မှုနှင့် ပြင်ဆင်မှုများ သေချာစေရန်အတွက် အစီအစဉ်များ ရေးဆွဲထားရှိရပါမည်။ ထိုအစီအစဉ်များအား စခန်းလူထုထံ တတ်နိုင်သမျှ မျှဝေပေးထားရပါမည်။ သို့မှသာ မီးလောင်မှု ဖြစ်ပွားသောအခါ လူများသည် ဘာလုပ်ရမည်ကို သိရှိနိုင်မည် ဖြစ်ပါသည်။ မီးဘေးအန္တရာယ် ကာကွယ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်းနှင့် မီးဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ခြင်း တို့အတွက် ကော်မတီများအား ခန့်အပ်တာဝန်ပေးအပ်ထားသင့်ပါသည်။ မီးဘေး

အန္တရာယ်ကို ကိုင်တွယ်ဖြေရှင်းရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီအတွက် အကြံပြုချက်များမှာ -

**ကြိုတင်ကာကွယ်ခြင်း**

☐ မီးတားသည့် ကြားနေရာလွတ်များ (fire breaks) စီစဉ်ထားရှိကြောင်း သေချာစေရန် စခန်းစီမံခန့်ခွဲမှု အေဂျင်စီမှ ဆောင်ရွက်ရပါမည်။

☐ နေထိုင်စရာ တစ်ခုနှင့်တစ်ခုကြား ယင်းတို့၏အမြင့်ထက် နှစ်ဆရှိသော အကွာအဝေး ခြားထားနိုင်လျှင် အကောင်းဆုံးဖြစ်ပြီး ခေါင်မိုးများသည် သက်ကယ်ကဲ့သို့ မီးစွဲလွယ်သော ပစ္စည်းများဖြင့် ပြုလုပ်ထားပါက ထို့ထက် ပိုခြားသင့်ပါသည်။

☐ နေထိုင်စရာများအတွင်း မီးပုံများ သို့မဟုတ် အဖုံးအကာမရှိသော မီးတောက်များကို တားမြစ်ထားရပါမည်။ ယင်းနှင့်စပ်လျဉ်း၍ နိုင်ငံ၏ မူဝါဒများ အမျိုးမျိုးကွဲပြားနိုင်သည်ကို သတိပြုရပါမည်။ ယဉ်ကျေးမှု ဓလေ့ထုံးစံ များနှင့် ကိုက်ညီသည့်နေရာများနှင့် စုစည်းနေထိုင်ရာနေရာများအတွက် အများသုံး မီးဖိုချောင်များ သို့မဟုတ် ချက်ပြုတ်ရန် သတ်မှတ်ပေးထားသော နေရာများကို အားပေးသင့်ပါသည်။

- ခြောက်သွေ့သော ရာသီဥတုများတွင် ချက်ပြုတ်ရန်နေရာများကို သတ်မှတ်ပေးသည့် စည်းမျဉ်းစည်းကမ်း များ ချမှတ်ထားခြင်း
- စခန်းလူထုအား ဖယောင်းတိုင်များ အပါအဝင် မီးတောက်များကို ကြည့်ရှုပေးမည့်သူမရှိဘဲ မထားခဲ့ရန် သတိ ပေးခြင်း
- နေထိုင်စရာများအတွင်း သို့မဟုတ် အနီးတွင် ဆေးလိပ်သောက်ခြင်းနှင့် စပ်လျဉ်းသော အန္တရာယ်ဖြစ်နိုင်ခြေ များအား အသိပညာပေးခြင်း
- မီးဖိုများသည် မီးစွဲနိုင်သော နံရံများနှင့် ထိမနေကြောင်း သို့မဟုတ် နီးကပ်မနေကြောင်း သေချာစေခြင်းနှင့် မီးခိုးခေါင်းတိုင်များအား အပြင်သို့ထုတ်ရာတွင် ခိုင်မာသောနံရံမှတစ်ဆင့် သို့မဟုတ် မီးမလောင်နိုင်သော ပလိတ်ပြားများကို အသုံးပြုထားကြောင်း သေချာစေခြင်း
- လျှပ်စစ်မီးသီးများနှင့် လျှပ်စစ်ဂါယာကြိုးများသည် ရွက်ဖျင်စများ သို့မဟုတ် အခြားသော မီးလောင်လွယ် သည့် ပစ္စည်းများနှင့် အနည်းဆုံး ၂၀ စင်တီမီတာ ခြားနေကြောင်း သေချာစေပြီး လျှပ်စစ်ဂါယာကြိုးများအား မှန်မှန်စစ်ဆေးပေးခြင်း။
- ချက်ပြုတ်ရန်/အပူပေးကိရိယာများ/မီးစက်များအတွက် လောင်စာများအား မီးထတောက်စေနိုင်သော နေရာ များနှင့် ဝေးရာတွင် သိုလှောင်ထားကြောင်း သေချာစေခြင်း

**ကြိုတင်ပြင်ဆင်ခြင်း**

- မီးသတ်ဌာနများအား ရေပုံးများ (အခိုးမခံရစေရန် အပေါက်ငယ်လေးများ ဖောက်ထားသော)၊ သဲ၊ မီးကပ်များ နှင့် မီးသတ်ဗူးများ ပံ့ပိုးပေးရပါမည်။
- စုစည်းနေထိုင်ရာနေရာများတွင် ထွက်ပြေးလွတ်မြောက်နိုင်သော လမ်းကြောင်းအား သိသာထင်ရှားစွာ အမှတ်အသားပြုကာ ရှင်းလင်းပေးထားရပါမည်။ ဖြစ်နိုင်ပါက မီးလောင်လျှင် ထွက်ပြေးရန် တံခါးပေါက် များနှင့် မီးဘေးအန္တရာယ် အချက်ပေးခေါင်းလောင်းများ တပ်ဆင်ပေးသင့်ပါသည်။
- မီးလောင်မှုကြီးများ ပေါ်ပေါက်ပါက အခြားသော စခန်းလူထုကိုပါ တပ်လှန့်နိုးဆော်ရန်အတွက် မီးသတိပေး ခေါင်းလောင်းများ တပ်ဆင်ပေးရပါမည်။
- မီးတားသည့် ကြားနေရာလွတ်များကို မဖြစ်မနေထားရှိရန် စည်းကမ်းသတ်မှတ်ဆောင်ရွက်ပြီး အမှိုက်သရိုက် များ ကင်းစင်စေရပါမည်။
- မီးသတ်ဌာနများအား မီးလောင်လျှင် ငြိမ်းသတ်ပေးနိုင်ရန် အထောက်အကူပြုသည့် ပစ္စည်းကိရိယာများ ထောက်ပံ့တပ်ဆင်ပေးရပါမည်။
- မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်နှင့် ငြိမ်းသတ်ရန်၊ စုစည်းနေထိုင်ရာနေရာများ သို့မဟုတ် အခြားသော လူနေထူထပ်သောနေရာများမှ ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်များအား စခန်း လူထု ကို လေ့ကျင့်သင်တန်းပေးရန်အတွက် လူထုအခြေပြု မီးဘေးကော်မတီများ ဖွဲ့စည်းထားရမည်။
- ရေပက်ဖျန်းခြင်းသည် ရေနံဆီမှ လောင်ကျွမ်းသော မီးအား ပိုမို ပျံ့နှံ့စေနိုင်ကြောင်းကို သတိပြုရမည်။
- စုစည်းနေထိုင်ရာနေရာတွင် နေထိုင်သူများအတွက် အမည်စာရင်းခေါ်ကာ လူစစ်ဆေးခြင်းကို ဆောင်ရွက် ရမည်။

### မီးလောင်မှုဖြစ်ပွားပါက

- နေထိုင်စရာ/ရွက်ဖျင်တဲ ထဲတွင် မည်သူမျှ ကျန်မနေစေရန် စစ်ဆေးဆောင်ရွက်ပါ။ ဖြစ်နိုင်လျှင် မီး ပျံ့နှံ့ လောင်ကျွမ်းခြင်းမှ ကာကွယ်ရန် ဖြိုလှဲချပါ။
- စခန်းလူထုအား မိမိအဝတ်အစားများကို မီးစွဲလောင်ပါက နေရာတွင်ရပ်ကာ၊ မြေပေါ်လှဲချ၍ လူးလိမ့်ကာ မီးတောက်များကို ငြိမ်းသတ်သည့် « ရပ်၊ လှဲ၊ လိမ့် နည်းစနစ် » အား မမေ့လျော့ရန် သတိပေးပါ။

### မီးလောင်ဒဏ်ရာ ရရှိသူများ ရှိပါက

- မီးလောင်ဒဏ်ရာအား ရေအေး သို့မဟုတ် ရေစွတ်ထားသော တဘက်ဖြင့် ချက်ချင်းအေးအောင်လုပ်ပါ။
- သန့်ရှင်းသောအဝတ်စဖြင့် မီးလောင်ဒဏ်ရာအား ဖုံးအုပ်ပါ။
- ဆေးဘက်ဆိုင်ရာ ကုသစောင့်ရှောက်မှုကို တတ်နိုင်သမျှ အမြန်ဆုံး ရယူပါ။
- မီးလောင်ခံရသူများ နွေးနွေးထွေးထွေး ထားပါ။

**UNHCR ၏ ၂၀၀၇ မီးဘေးလုံခြုံမှု စံနှုန်း**

"နေရာရှိမည်ဆိုပါက မီးလောင်ပြိုကျသော အဆောက်အဦများမှ ဘေးကပ်လျက်အဆောက်အဦများကို ထိမိခြင်းမှ ရှောင်လွှဲနိုင်ရန် အဆောက်အဦတစ်ခုနှင့် တစ်ခုကြား လုံလောက်သော အကွာအဝေးတစ်ခု ခြားထားသင့်ပါသည်။ ထို့ကြောင့် အဆောက်အဦများအကြား အကွာအဝေးသည် အဆောက်အဦ၏ အမြင့် (အစအဆုံး) ထက် အနည်းဆုံး နှစ်ဆ ရှိသင့်ပါသည်။ အကယ်၍ ဆောက်လုပ်ရေးပစ္စည်းများသည် မီးလောင်လွယ်ပါက (ကောက်ရိုး၊ သက်ကယ်၊ စသည်) အကွာအဝေးသည် အမြင့်ထက် ၃-၄ဆ ရှိသင့်ပါသည်။ လေတိုက်ခတ်လေ့ရှိသည့် ဦးတည်ရာဘက်သည်လည်း ထည့်သွင်းစဉ်းစားရမည့် အချက်ဖြစ်ပါသည်။"

**ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - ပန့်လန်းတွင် မီးဘေးအန္တရာယ်လျှော့ချရေး လုပ်ဆောင်ချက်များ**

ဆိုမာလီယာနိုင်ငံ ပန့်လန်းတွင် စခန်းနေရာ အစီအစဉ်ရေးဆွဲခြင်း၊ မီးလောင်လွယ်ဆုံး နေထိုင်စရာများအား အစားထိုး ဆောက်လုပ်ခြင်း၊ မီးလောင်ပါက စုဝေးရန်နေရာများ တည်ထောင်ခြင်း၊ အိမ်ထောင်စုများအတွက် ချက်ပြုတ်ရန် နေရာများ တည်ဆောက်ပေးခြင်းနှင့် မီးဘေးမှ ထွက်ပြေးလွတ်မြောက်ရန်လမ်းကြောင်းများကို ထိန်းသိမ်းပေးပြီး စခန်းတွင်း သန့်ရှင်းရေးကို ဆောင်ရွက်ပေးသည့် မီးဘေးကော်မတီများ တည်ထောင်ခြင်းဖြင့် မီးလောင်နိုင်မှုအန္တရာယ်အား များစွာ လျှော့ချနိုင်ခဲ့ပါသည်။ နေထိုင်စရာများ မီးလောင်ပျက်စီးသွားသော အိမ်ထောင်စုများအား အချိန်တိုတွင်း ပံ့ပိုး ကူညီပေးနိုင်ရန်အတွက် နေထိုင်စရာ ပစ္စည်းပုံးများကို သိုလှောင် ထားရှိပါသည်။

### ခိုးမှုနှင့် လုံခြုံရေး

ထည့်သွင်းစဉ်းစားထားရမည့် လက်တွေ့ကျသော အချက်များမှာ -

- ပိုင်ဆိုင်သည့်ပစ္စည်းများအား ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် လုံခြုံရေးအတွက် တံခါး၊ ပြတင်းပေါက်များကို သော့ခတ်နိုင်ရန် ပံ့ပိုးပေးခြင်း
- လူများသည် ၎င်းတို့၏ မြေကွက်ပတ်လည်တွင် ခြံစည်းရိုးခတ်လိုပြီး နေရာလည်းရှိပါက မြေပိုင်ရှင်များ/ အာဏာပိုင်များနှင့် ညှိနှိုင်းပေးခြင်း
- လုံခြုံရေးအန္တရာယ်များအား လေ့လာစစ်ဆေးပြီး ကိုင်တွယ်ဖြေရှင်းရာတွင် ပြောင်းလွယ်ပြင်လွယ်ရှိ၍ စခန်းလူထု၏ ရွေးချယ်မှု များကို အားပေးသော ပစ္စည်းဖြန့်ဝေမှုအစီအစဉ်များကို ဖန်တီးရေးဆွဲခြင်း၊ ထိုမူဝါဒအား အာဏာပိုင်များနှင့် အလှူရှင်များကို အသိပေးထားခြင်းဖြင့် ရန်ပုံငွေများ ရရှိရန် ပိုမိုလွယ်ကူစေပါသည်။ ဥပမာ - စခန်းလူထုအား ပလတ်စတစ်စများအား

နေထိုင်စရာအတွက် ဖြန့်ဝေပါသည်။ သို့သော် ထို ပလတ်စတစ်စများအား နေထိုင်စရာအစား ၎င်းတို့၏ မွေးမြူရေးတိရစ္ဆာန်များကို ကာကွယ်ရန် အသုံးပြုမည် ဆိုပါက ခွင့်ပြုနိုင်ခြင်း ရှိ၊ မရှိ ရှင်းရှင်းလင်းလင်း ဖြစ်အောင် ဆောက်ရွက်ပေးခြင်းမျိုး ဖြစ်ပါသည်။

➔ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရင်းအမြစ်များနှင့် နိုင်ငံရေးအခြေအနေများက ခွင့်ပြုမည်ဆိုပါက မိသားစု များအား ၎င်းတို့၏ နေထိုင်စရာများကို ဓလေ့ထုံးစံနှင့် အကိုက်ညီဆုံးပုံစံဖြင့် သီးသန့်လုံခြုံမှု ပိုမိုရရှိအောင် အဆင့်မြှင့်တင်ရန် အားပေးခြင်း။ ပလတ်စတစ်စတစ်စ သို့မဟုတ် မြက်နံရံတစ်ခုပင်လျှင် လူများအား ပိုမိုလုံခြုံသည်ဟု ခံစားရစေပြီး ခိုးယူမှုများကိုလည်း လျှော့ချနိုင်အောင် အထောက်အကူပြုနိုင်ပါသည်။

☛ လုံခြုံရေးနှင့် ပတ်သက်၍ ထပ်မံသိလိုသည်များ ရှိပါက - အခန်း (၁၂) ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေး - တွင် ကြည့်ပါ။

## ✔ စခန်းစီမံခန့်ခွဲမှုအောင်မြင်စီအတွက် ဆန်းစစ်ရန်လုပ်ငန်းစာရင်း

### လေ့လာဆန်းစစ်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုများ

- ✔ နိုင်ငံအဆင့်/ဒေသတွင်းအဆင့် နေထိုင်စရာအတွက် ညှိနှိုင်းမှုလုပ်ငန်းယန္တရားများ ထူထောင်ကာ စခန်းတွင်း၌ တက်ကြွသောအဖွဲ့ဝင်များ ထားရှိခြင်း
- ✔ ဘေးဒဏ်ခံလူထုနှင့် ကပ်ဘေးများဆိုင်ရာ အခြေခံအချက်အလက် ကိန်းဂဏန်းများအား ရရှိနိုင်အောင် ဆောင်ရွက်ခြင်း
- ✔ နေထိုင်စရာနှင့် အခြေချနေထိုင်ရာအတွက် ရွေးချယ်စရာများ၊ အန္တရာယ်ကျရောက်နိုင်ခြေများနှင့် ထိခိုက် လွယ်မှုများအား သတ်မှတ်ဖော်ထုတ်ထားခြင်း
- ✔ တုံ့ပြန်ဆောင်ရွက်မှုအတွက် နေထိုင်စရာဆိုင်ရာ အရေးပေါ် အစီအစဉ်တစ်ခုအား ရေးဆွဲထားခြင်း
- ✔ ကနဦးလေ့လာဆန်းစစ်မှု သတင်းအချက်အလက်များအား သတ်မှတ်ဖော်ထုတ်ကာ လေ့လာဆန်းစစ်ခြင်း
- ✔ နေထိုင်စရာ/လူသုံးပစ္စည်းများဆိုင်ရာ အဖွဲ့ပေါင်းစုံ ပူးပေါင်းလေ့လာဆန်းစစ်မှု တစ်ခုအား အစီအစဉ်ရေးဆွဲ ထားခြင်း သို့မဟုတ် ဆောင်ရွက်ခြင်း
- ✔ ဌာနရမ်းနေထိုင်စေခြင်းကဲ့သို့သော အခြား ဖြစ်နိုင်ခြေရှိသည့် အခြေချနေထိုင်မှုဆိုင်ရာ ရွေးချယ်စရာများကို ထည့်သွင်းစဉ်းစားပေးခြင်း
- ✔ အဆောက်အဦဒီဇိုင်းရေးဆွဲမှုများမစတင်မီလက်တွေ့ကျသောစခန်းနေရာအစီအစဉ်တစ်ခုအားပူးပေါင်းညှိနှိုင်းရေးဆွဲထားခြင်း
- ✔ ရေပေးစေမှု၊ ရေစီးရေလာစနစ်၊ တစ်ကိုယ်ရေသန့်ရှင်းမှု အားပေးမြှင့်တင်ခြင်းနှင့် အစိုင်အခဲ အညစ်အကြေး များ စွန့်ပစ်ခြင်း အပါအဝင် စခန်းအတွက် ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး အစီအစဉ်တစ်ခု ရေးဆွဲထား ရှိခြင်း
- ✔ စခန်းသည် ပဋိပက္ခဖြစ်ပွားနေသောနေရာများ သို့မဟုတ် မြေပြိုမှုများကဲ့သို့ အန္တရာယ်များနှင့် ဝေးရာတွင် ရှိနေကြောင်း သေချာစေရန်အတွက် စခန်းနေရာအား ဂရုတစိုက် ရွေးချယ်ခြင်း
- ✔ ရွှေ့ပြောင်းနေထိုင်သူများ ရှိနေခြင်းကြောင့် လက်ခံနေရာပေးထားသော ရပ်ရွာလူထုအပေါ် သက်ရောက် နိုင်မှုများအား လေ့လာဆန်းစစ်ထားခြင်း
- ✔ ဘေးဒဏ်ခံလူထုများ၏ နေထိုင်စရာ အရေးတကြီး လိုအပ်ချက်အချို့ သို့မဟုတ် အားလုံးအား ဖြည့်ဆည်း ပေးနိုင်မည့် ၎င်းတို့ ပိုင်ဆိုင်သည့် ပစ္စည်း၊ ငွေကြေးနှင့် လူသားအရင်းအမြစ်များအား သတ်မှတ်ဖော်ထုတ် ထားခြင်း

### လူဦးရေဆိုင်ရာ အချက်အလက်များ

- ✔ ပုံမှန်အိမ်ထောင်စုတစ်ခုတွင် ပါဝင်သည့် လူအရေအတွက်အား ကျား/မ၊ အသက်အရွယ်အလိုက် ခွဲခြားသိရှိ ခြင်း
- ✔ စောင့်ရှောက်မည့်သူမရှိသော ကလေးငယ်များ သို့မဟုတ် အိမ်ထောင်စုအရွယ်အစား မတူညီသည့် အချို့ သော တိုင်းရင်းသား မျိုးနွယ်စုအုပ်စုများကဲ့သို့ ပုံမှန် အိမ်ထောင်စုတစ်ခုတွင် မပါဝင်သည့် လူအရေအတွက် အား ကျား/မ၊ အသက်အရွယ်အလိုက် ခွဲခြားသိရှိခြင်း
- ✔ နေထိုင်စရာ လုံလောက်စွာမရှိသော စခန်းတွင်းရှိ အိမ်ထောင်စုများ အရေအတွက်အား သတ်မှတ် ဖော်ထုတ် ထားခြင်း
- ✔ မူလနေထိုင်သည့် နေအိမ်များသို့ ပြန်သွားရန် သို့မဟုတ် လက်ခံနေရာပေးသည့် မိသားစုများနှင့် နေထိုင်ရန် ကူညီပေးနိုင်မည့် အိမ်ထောင်စုအရေအတွက်အား သတ်မှတ်ဖော်ထုတ်ထားခြင်း

## အန္တရာယ်ဖြစ်နိုင်ခြေများနှင့် ထိခိုက်လွယ်မှု

- ✔ မိသားစုနှင့် လူတစ်ဦးချင်းစီ၏ သီးသန့်လုံခြုံမှုဆိုင်ရာ ကိစ္စရပ်အား ထည့်သွင်းစဉ်းစားခြင်း
- ✔ လူများအား ဂုဏ်သိက္ခာရှိစွာ နေထိုင်နိုင်စေပြီး ၎င်းတို့၏ မိသားစုများအား စောင့်ရှောက်ကာကွယ်နိုင်စေမည့် အစီအစဉ်များအား ရေးဆွဲထားခြင်း
- ✔ နေထိုင်စရာ၊ အဝတ်အထည်နှင့် အိပ်ရာလိပ်များ မလုံလောက်ခြင်းကြောင့် လတ်တလော အသက်အန္တရာယ် ထိခိုက်မှုများ ဖြစ်ပေါ်မှု မရှိစေခြင်း
- ✔ နေထိုင်စရာ လုံလောက်စွာမရှိခြင်းကြောင့် အမျိုးသမီးများ၊ ကလေးများ၊ အုပ်ထိန်းသူမရှိသည့် အရွယ် မရောက်သေးသူများ၊ မသန်စွမ်းသူများ သို့မဟုတ် နာတာရှည်ရောဂါခံစားနေရသူများ အပါအဝင် ထိခိုက် လွယ်သူများအတွက် သီးခြားအန္တရာယ်ဖြစ်နိုင်ခြေများအား သတ်မှတ်ဖော်ထုတ်ထားခြင်း
- ✔ ဘေးဒဏ်ခံလူထုအတွင်းရှိ လူအုပ်စုများကြား ပဋိပက္ခ သို့မဟုတ် ခွဲခြားဆက်ဆံမှု အန္တရာယ်ဖြစ်နိုင်ခြေ များအား သတ်မှတ်ဖော်ထုတ်ထားခြင်း
- ✔ စခန်းတွင်း နေထိုင်စရာ ကူညီထောက်ပံ့မှုများကို ရယူရာတွင် အကြမ်းဖက်မှု သို့မဟုတ် ထိပါးစော်ကားမှု များကို ခံရခြင်း ရှိ၊ မရှိ သိရှိနိုင်သည့် စောင့်ကြည့်ကြပ်မတ်သည့် စနစ် ရှိစေခြင်း
- ✔ နေထိုင်စရာ မလုံလောက်မှုကြောင့် အသက်၊ ကျန်းမာရေးနှင့် လုံခြုံရေးကို ထိခိုက်နိုင်ခြေရှိသော အန္တရာယ် များအား လေ့လာဆန်းစစ်ထားခြင်း
- ✔ ရွှေ့ပြောင်းနေထိုင်သူများအတွက် သာမန် နေထိုင်ရေး အစီအမံများနှင့် လူမှုရေးဖွဲ့စည်းပုံများသည် ထိခိုက် လွယ်သူများအား ကာကွယ်စောင့်ရှောက်မှုအပေါ် သက်ရောက်မှုများအား ထည့်သွင်းစဉ်းစားထားခြင်း
- ✔ ထိခိုက်လွယ်သူများနှင့် သီးခြားလိုအပ်ချက်ရှိသူများအား ၎င်းတို့၏ နေထိုင်စရာများကို တည်ဆောက်ရန် သို့မဟုတ် အဆင့်မြှင့်တင်ရန် နှင့် နေထိုင်စရာပစ္စည်းများအား ဖြန့်ဝေသည့်နေရာများမှ သယ်ယူပို့ဆောင်ရန် ကူညီပံ့ပိုးပေးခြင်း
- ✔ သီးခြားလိုအပ်ချက်ရှိသူများနှင့် ၎င်းတို့အား စောင့်ရှောက်နေသူများ သို့မဟုတ် မိသားစုများ၏ နေထိုင်မှု အခြေအနေများအား စောင့်ကြည့်ကာ တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ပေးထားခြင်း

## အရေးပေါ်အစီအစဉ်

- ✔ အသစ်ဝင်ရောက်လာမှုများနှင့် အခြားသော ဖြစ်နိုင်ခြေရှိသည့် ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အစီအစဉ်နှင့် လုံလောက်သော ပစ္စည်းများ ရှိနေခြင်း
- ✔ ပိုမိုရေရှည်ခံသော နေထိုင်စရာ အစီအစဉ်များနှင့် စပ်လျဉ်း၍ စခန်းစီမံခန့်ခွဲမှု၊ နိုင်ငံအာဏာပိုင်များနှင့် နေထိုင်သူများကြား ဆွေးနွေးမှုများ ပြုလုပ်ထားခြင်း

## စီမံခန့်ခွဲမှု

- ✔ စခန်းတွင် နေထိုင်စရာလိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးရန် လုံလောက်သည့် အရင်းအမြစ်များ၊ ကျွမ်းကျင်မှုများနှင့် စွမ်းဆောင်ရည်များကို ပိုင်ဆိုင်သော တက်ကြွသည့် နေထိုင်စရာအဖွဲ့အစည်းတစ်ခု ရှိနေခြင်း
- ✔ နေထိုင်စရာ အစီအစဉ်များအား ပံ့ပိုးကူညီရန်အတွက် ကျွမ်းကျင်သူများ၊ ဒေသခံ သို့မဟုတ် နိုင်ငံတကာ အဖွဲ့အစည်းများအား ငှားရမ်းခန့်ထားနိုင်ခြင်း
- ✔ ဆောက်လုပ်ရေးစီမံချက်များအား လုံလောက်သော ကျွမ်းကျင်ဝန်ထမ်းများမှ စောင့်ကြည့်ကြပ်မတ်ပေး နေခြင်း
- ✔ ရှင်းလင်းစွာ သတ်မှတ်ပေးထားသော အခန်းကဏ္ဍတစ်ခု ရှိပြီး အမျိုးသမီးများ၊ အမျိုးသားများ၊ လူနည်းစု များနှင့် သီးခြားလိုအပ်ချက်ရှိသူများအားလုံးကို ကိုယ်စားပြုသော နေထိုင်စရာကော်မတီတစ်ခု လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေခြင်း

## အိမ်မှုကိစ္စများ

- ✔ ဘေးဒဏ်ခံလူထု၏ နေထိုင်စရာများ အတွင်းနှင့် ပတ်ဝန်းကျင်တွင် လုပ်ဆောင်နေသော အိမ်မှုကိစ္စများနှင့် အသက်မွေး ဝမ်းကျောင်းမှု အထောက်အကူပြုလုပ်ငန်းများအား သိရှိခြင်းနှင့် လုံလောက်သောနေရာ ရရှိရေးဆိုင်ရာ ကိစ္စရပ်များအား

ကိုင်တွယ်ဖြေရှင်းပေးထားခြင်း
- ✔ အမျိုးသမီးများနှင့် အမျိုးသမီးများ၊ ကလေးများနှင့် သီးခြားလိုအပ်ချက်ရှိသူများ၏ လိုအပ်ချက်များနှင့် လုပ်ဆောင်ချက် အမျိုးမျိုးအား ထည့်သွင်းစဉ်းစားပေးထားခြင်း

## လက်ခံနေရာပေးထားသော ရပ်ရွာလူထုနှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှု

- ✔ အနီးဝန်းကျင်မှ ရပ်ရွာလူထုအတွက် အလေးထားရမည့် ကိစ္စရပ်များအား သိရှိကာ ကိုင်တွယ်ဖြေရှင်း ပေးနေခြင်း
- ✔ နေထိုင်စရာ၊ လောင်စာ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် အမှိုက်သရိုက်များ စွန့်ပစ်ခြင်းတို့၏ သဘာဝ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုအား လေ့လာဆန်းစစ်ကာ အစီအစဉ်ရေးဆွဲထားခြင်း
- ✔ စခန်းပိတ်သိမ်းသောအခါတွင် နေထိုင်စရာများနှင့် သက်ဆိုင်ရာ အခြေခံအဆောက်အအုံများအား အနီး ဝန်းကျင်မှ ရပ်ရွာလူထု အသုံးပြုနိုင်ခြင်း ရှိ၊ မရှိ ထည့်သွင်းစဉ်းစားထားခြင်း
- ✔ ဆောက်လုပ်ရေးပစ္စည်းများနှင့် လောင်စာများအား ဒေသတွင်းမှပင် ရယူခြင်းနှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာ နိုင်သော ဒေသ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးကိစ္စများအား သတ်မှတ်ဖော်ထုတ်ထားခြင်း

## ထည့်သွင်းစဉ်းစားရမည့် အခြားသော အချက်အလက်များ

- ✔ စခန်းတွင်းတွင် ပံ့ပိုးပေးသော နေထိုင်စရာများသည် ဒေသ၏ ဓလေ့ထုံးစံများ၊ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိခြင်း
- ✔ ဘေးဒဏ်ခံလူထု၏ နေထိုင်စရာများ အတွင်းနှင့် ပတ်ဝန်းကျင်တွင် လုပ်ဆောင်နေသော အိမ်မှုကိစ္စများ နှင့် အသက်မွေးမှုအထောက်အကူပြုလုပ်ငန်းများအား သိရှိကာ နေရာများပေးရန် စဉ်းစားပေးခြင်းနှင့် ဖြေရှင်း ပေးခြင်း
- ✔ ပစ္စည်းများဝယ်ယူခြင်း၊ နေထိုင်စရာများဆောက်လုပ်ခြင်းနှင့် အခြေချနေထိုင်မှုဆိုင်ရာ နည်းလမ်းများမှ တစ်ဆင့် အသက်မွေးဝမ်းကျောင်းမှု အထောက်အကူပြုအခွင့်အလမ်းများ ရရှိအောင် ထည့်သွင်း စဉ်းစားပေး ခြင်း
- ✔ ပြည်သူပိုင်အဆောက်အဦများ၊ အထူးသဖြင့် ကျောင်းများအား ရွှေ့ပြောင်းနေထိုင်သူများအတွက် နေထိုင် စရာ အဖြစ် အသုံးပြုပါက ယင်းအား ကျောင်းများအဖြစ် ပြန်လည်အသုံးပြုနိုင်စေမည့် လုပ်ငန်းစဉ်နှင့် အချိန် ကာလတစ်ခုအား သတ်မှတ်ဖော်ထုတ်ထားပြီးဖြစ်ခြင်း

## ထိန်းသိမ်းပြုပြင်မှု

- ✔ နေထိုင်သူများအတွက် အမြင့်မားဆုံး အကျိုးအမြတ်များ ရရှိစေမည့် ကိစ္စရပ်များ သို့မဟုတ် ပြုပြင်မွမ်းမံမှု များအား လေ့လာဆန်းစစ်ထားပြီးဖြစ်ခြင်း
- ✔ လူများအား အသင့်တော်ဆုံးနည်းလမ်းများဖြင့် ၎င်းတို့၏ နေထိုင်စရာများကို ပြုပြင်ထိန်းသိမ်းနိုင်ရန် ကူညီ ပံ့ပိုးပေးခြင်း
- ✔ လူများသည် ၎င်းတို့၏ နေထိုင်စရာများအား စီမံအုပ်ချုပ်မှုဆိုင်ရာ အကြောင်းများကြောင့် အဆင့်မြှင့်တင် နိုင်ခြင်း မရှိခဲ့လျှင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ ဖြေရှင်းရန်နည်းလမ်းများ အတွက် အသိပေးရှင်းလင်းမှုများ ပြုလုပ်ပေးနေခြင်း
- ✔ နေထိုင်စရာများအား အဆင့်မြှင့်တင်ရန် သို့မဟုတ် ချဲ့ထွင်ရန်အတွက် နေရာများ ဖန်တီးပေးနိုင်ခြင်း
- ✔ စခန်းလူထုသည် ၎င်းတို့၏ နေထိုင်စရာများအား အဆင့်မြှင့်တင်ရန် လိုအပ်သော ကိရိယာတန်ဆာပလာ များနှင့် ပစ္စည်းများအား လက်လှမ်းမီရရှိ အသုံးပြုနိုင်ခြင်း
- ✔ အဆင့်မြှင့်တင်မှုများကြောင့် ဒေသ၏ သဘာဝအရင်းအမြစ်များပေါ်တွင် သက်ရောက်မှုအား ထည့်သွင်း စဉ်းစားထားခြင်း
- ✔ စခန်းလူထုသည် ၎င်းတို့၏ နေထိုင်စရာများအား ပြုပြင်ထိန်းသိမ်းရာတွင် အထောက်အကူဖြစ်ရန်အတွက် ရုပ်ပိုင်းဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ ကူညီထောက်ပံ့မှုများကို သင့်လျော်သလို ပံ့ပိုးပေးနေခြင်း

## အသုံးပြုနိုင်သည့် နည်းလမ်းအထောက်အကူများ

### အသုံးပြုနိုင်သည့် နည်းလမ်းအထောက်အကူများ နှင့် ရည်ညွှန်းစာအုပ်စာတမ်းများ

အောက်တွင် စာရင်းပြုစုဖော်ပြထားသော အသုံးပြုရန် နည်းလမ်းအထောက်အကူများ နှင့် ရည်ညွှန်းစာအုပ်စာတမ်းများအားလုံးကို အီလက်ထရောနစ်စနစ်ဖြင့် စခန်းစီမံခန့်ခွဲမှုလက်စွဲစာအုပ် ပုံနှိပ်စာအုပ်တိုင်းနှင့်အတူ ပါရှိသည့် USB Memory stick မှင့်၊ www.cmtoolkit.org ဂက်ဘ်ဆိုက်တွင်၄င်း ရရှိနိုင်ပါသည်။

- 2011. Fire Safety Guidance, Dadaab
- Sample of a shelter strategy
- Transitional Housing – Tenancy Agreement (sample from East Timor)
- Outline of technical implementation of transitional shelter
- Oxfam. Oxfam briefing note on shelter and gender
- Oxfam. Oxfam briefing note on shelter minimum standards
- 2005. Technical Guidelines for Winterization Strategy Pakistan

## ရည်ညွှန်းစာအုပ်စာတမ်းများ


- Centre on Housing Rights and Evictions (COHRE). The Pinheiro Principles - United Nations Principles on Housing and Property Restitution for Refugees and Displaced Persons
- Catholic Relief Services (CRS), 2013. Managing Post-disaster (Re)-Construction Projects
- Inter Agency Standing Committee (IASC), Shelter Centre, 2008. Selecting NFIs for shelter
- Médecins sans frontières (MSF) and Shelter Centre, 2006. Shade Nets: Use and Deployment in Humanitarian Relief Environments
- Office for the Coordination of Humanitarian Affairs (OCHA), 2004. Tents – A Guide to the Use and Logistics of Family Tents in Humanitarian Relief
- OCHA, International Federation of Red Cross and Red Crescent Societies (IFRC) and CARE, 2008. Timber. A Guide to the Planning, Use, Procurement and Logistics of Timber as a Construction Material in Humanitarian Operations
- Oxfam GB and University of Cambridge, Tom Corsellis and Antonella Vitale, 2005. transitional settlement displaced populations
- Oxfam, IFRC, 2007. Plastic Sheeting, A Guide to the Specification and Use of Plastic Sheeting in Humanitarian Relief
- Shelter Centre, 2010. Shelter after Disaster
- Sphere project, 2011. Sphere Handbook and Minimum Standards in Humanitarian Response
- RedR, J. Davies and R. Lambert, 2003. Engineering in Emergencies
- UN-HABITAT, UNHCR, IFRC, 2010 and 2011–2012. Shelter Projects
- UN Refugee Agency (UNHCR), 2007. Handbook for Emergencies
- UNHCR and International Organisation for Migration (IOM), 2010. Collective Centre Guidelines